ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (12-6-2004) (၄၂၆၂)

ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရှာရန်ရာနှုန်း (၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရှာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၉/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ခုနှစ် ဇွန်၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၆)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စစ် ဂလိုရီယာ၊ မာဂါပါဂလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ခုနှစ် ဇွန်၁၂ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အကြံပြုစာတမ်းများ မကြာမီ ပြီးစီးတော့မည် စုံညီအစည်းအဝေးတွင် ဆက်လက်တင်ပြနိုင်ရေးအတွက် လုပ်ငန်းကော်မတီက စီစဉ်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၉/၂၀၀၄)ကို ယနေ့နံနက် ၉နာရီ မိနစ် ၂၀တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာခန်းမရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များကို အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အစည်းအဝေးများကျင်းပပြီး အကြံပြုချက်စာတမ်းများ ရေးသားပြုစုလျက်ရှိကြောင်း၊ ယင်းစာတမ်းများကို ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အစည်းအဝေးများတွင် ဖတ်ကြားတင်ပြလျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ထိုသို့ပြီးစီးပါက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဆက်လက်တင်ပြနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကိုလည်း အဆင်ပြေချောမွေ့စေရန် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❋

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၁၂–၆–၂၀၀၄
(စနေနေ့)

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိခံစားနိုင်စေရေး အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အပိုင်းက ဒေသအလိုက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်းပါဝင်လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသတွင်း လမ်းပန်းဆက်သွယ်သွားလာမှု ကောင်းမွန်ရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးတို့အတွက် အဓိကထား၍ ဆောင်ရွက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်သည် ရှေးယခင်ကာလက ပြည်နယ်ရုံးစိုက်ရာ တောင်ကြီးဒေသ၌သာ စည်ပင်ဖွံ့ဖြိုးမှု ရှိခဲ့သည်။ ကျန်ဒေသများသည် တည်ငြိမ်အေးချမ်းမှုမရှိဘဲ လမ်းပန်းဆက်သွယ်မှုကအစ ခက်ခဲသောဒေသဖြစ်ခဲ့သည်။ ယခုအခါ ရှမ်းပြည်နယ်တွင် တောင်ကြီးဒေသ၊ ပင်လုံဒေသ၊ လားရှိုးဒေသနှင့် ကျိုင်းတုံဒေသတို့၌ ဖွံ့ဖြိုးရေးဒေသကြီးလေးခုကို မဏ္ဍိုင်ပြုပြီး စီးပွားရေး၊ လူမှုရေးအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းတည်ဆောက်ပေးလျက် ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၇ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရီးစဉ်အတွင်း လားရှိုး–သိန္နီ ကားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ စိုက်ပျိုးထားသည့် ကုန်းမြင့်ယာမြေစိုက်ခင်းများနှင့် လမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးလုပ်ငန်းများ အားထုတ်ဆောင်ရွက်ရေး၊ လမ်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

မိုင်းလီစံပြကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနနှင့် အခြေခံပညာ အလယ်တန်းကျောင်းတို့ကို ဖွင့်လှစ်၍ ကျေးလက်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးများ မြင့်မားလာစေရေးန် စီမံဖြည်းဆည်းပေးလျက်ရှိသည်။ ထို့အပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ပံ့ပိုးမှုဖြင့် ကျေးလက်အိမ်ရာများကို တည်ဆောက်ပေးလျက်ရှိသည့်အပြင် နှစ်ခန်းတွဲ တိုက်ခန်းများ ဆောက်လုပ်ပေးရန် စီစဉ်ထားရှိကြောင်းသိရသည်။

သိန္နီမြို့နယ်အတွင်း နွေစပါး ဧက ၁၆၀ စိုက်ပျိုးခဲ့ရာ တစ်ဧက တင်း ၁၅၀ နှုန်းထွက်ရှိပြီး မိုးစပါးများစိုက်ပျိုးနိုင်ရေး ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သိန္နီ–ကွမ်းလုံ–ဟိုပန်–မိုင်းမောလမ်း၏ သိန္နီ–ကွမ်းလုံအကြား သဲတောင်ရှောင်ကွင်းလမ်းကို ဖောက်လုပ်လျက်ရှိသည်။ နားတီး–ကန်မိန်း–ဟိုလီသဲတောင်ရှောင်ကွင်းလမ်းအသစ်မှာ မိုင် ၃၀ ခန့်ရှိပြီး ယင်းလမ်းသစ်ကို ဖောက်လုပ်ခြင်းဖြင့် နှစ်စဉ်သဲတောင်များပြိုကျမှု အန္တရာယ်မှကင်းဝေးစွာ ခရီးသွားလာနိုင်ကြမည် ဖြစ်သည်။

ထို့အပြင် နားတီး–ကန်မိန်းကြားရှိ ကျေးရွာများ၊ ကန်မိန်းနှင့်ဟိုလီကြားရှိ ကျေးရွာများမှ တိုင်းရင်းသားပြည်သူများ အနေဖြင့် အဆိုပါလမ်းသစ်ကိုအသုံးပြု၍ လားရှိုးမြို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ရာ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိချိန်တွင် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးက မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယ၌ ပညာသင်ကြားနေကြသော ရဟန်းတော် ၈၅ပါးအတွက် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၁

အိန္ဒိယနိုင်ငံ တက္ကသိုလ်ကြီး ၁၀ခုတို့၌ ပညာသင်ကြားနေကြသော မြန်မာပညာတော်သင် ရဟန်း ၈၅ပါးတို့အတွက် ဗုဒ္ဓဂယာဘုရားဖူးပြန် အလှူရှင်များနှင့် စေတနာရှင်များ၏ စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ထူးဆောင်စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကေသရထံမှ ဩဝါဒကထာခံယူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် ရာသက်ပန်အလှူရှင်များ ဖြစ်ကြသည့် သီတဂူဆရာတော်အား အမှူးပြုသော ရာသက်ပန် အလှူရှင်များက အမေရိကန်ဒေါ်လာ ၆၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်း–ဒေါ်ဖြူဖြူခင် မိသားစုက အမေရိကန်ဒေါ်လာ ၁၂၀၀၊ဦးသန်းလွင်–ဒေါ်ခင်ခင်သိန်း မိသားစုက အမေရိကန်ဒေါ်လာ ၁၂၀၀တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဂုဏ်ထူးဆောင် စေတနာရှင်များ ဖြစ်ကြသော ဦးရာဇိန္ဒ (နာလန္ဒာတက္ကသိုလ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကြင်ခိုင်၊ တိပိဋကမင်းကွန်း ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသအားအမှူးထား၍ မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီ၊ ဦးခင်မောင်ချို ညွှန်ကြားရေးမှူး(ငြိမ်း) – ဇနီး ဒေါ်ခင်အုန်းချိုနှင့် ဦးစိန်လင်း အင်ဂျင်နီယာမှူးကြီး(ငြိမ်း)–ဇနီးဒေါ်နှင်းရီ(ဆောက်လုပ်ရေး၊ မန္တလေး) တို့အား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး ဒေါ်ခင်မာအေးနှင့် စေတနာရှင်များက အလှူငွေကျပ်၈၀၅၄၀၀၊ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဇနီး ဒေါ်ကြင်ခိုင်နှင့် စေတနာရှင်များက ငွေကျပ်၁၁၆၀၈၅၀၊ ဦးကြည်ဝင်း၊ ဇနီး ဒေါ်ရည်လေးချိုနှင့် စေတနာရှင်များက ငွေကျပ်၁၁၀၀၅၀၀၊ တိပိဋက မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသအား အမှူးထား၍ မောင်ဝိတ်မိသားစု ကုမ္ပဏီနှင့် စေတနာရှင်များက ငွေကျပ်သိန်း၃၀၊ဦးမောင်ချို–ဒေါ်ခင်အုန်းချိုမိသားစုနှင့် စေတနာရှင်များက ငွေကျပ်၇၃၈၅၁၀၊ ဒဂုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ပညာရေးမိသားစုများက ငွေကျပ် ၃၀၀၀၀၀၊ ဒေါ်နီနီမြင့် အမှတ် ၂၆၊ ၂၄ လမ်း လသာမြို့နယ် ရန်ကုန်က အမေရိကန် ဒေါ်လာ၃၀၀၊ ညောင်ကန်အေး ဆရာတော်နှင့်တပည့်များက အမေရိကန်ဒေါ်လာ၂၀၀၊ ရန်ကုန်မြို့ ၄၆လမ်းမှ ဒေါ်ဌေးဌေးမိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၊ မောင်မောင်၊ ယဉ်ယဉ်အေး၊ တီးတီး၊ မဉမ္မာ၊ ကိုနေအောင်၊ မသူဇာ တို့က အမေရိကန်ဒေါ်လာ၁၀၀၊ ဒေါ်မေသက်ခိုင် လသာလမ်း ရန်ကုန်က အမေရိကန်ဒေါ်လာ၅၀၊ ဒေါက်တာ ဦးအောင်ဝင်း၊ ဒေါ်ဥဥအောင် သမီး မသွန်းဖြိုးဆုလာဘ်လှိုင် မိသားစုက ငွေကျပ်၂၀၀၀၀၀၊ ဦးမြတ်ဝင်း–ဒေါ်ချယ်ရီမိသားစုက ငွေကျပ်၂၀၀၀၀၀၊ ဦးတင်ဝင်း–ဒေါ်ယဉ်ယဉ်ချိုမိသားစုနှင့် စေတနာရှင်များက ငွေကျပ်၁၈၀၀၀၀၊ မဟာသုံ့ဃာရဆရာတော်ဦးကုမာရနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက ငွေကျပ်၁၁၀၀၀၀၊ ငွေကျပ်၁၀၀၀၀၀ အလှူရှင်၁၄ဦး၊ ငွေကျပ်၈၀၀၀၀အလှူရှင် တစ်ဦး၊ ငွေကျပ် ၅၀၀၀၀ အလှူရှင် ၁၉ဦးနှင့် သီဟသုဓမ္မမဏိဇောတဓရ အလှူရှင် ဦးညိုက ရူပီးငွေ၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ရေစက်ချတရားချီးမြှင့်ပြီး အခမ်းအနားကိုဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ယနေ့လှူဒါန်းသော အလှူငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၈၅၀၊ ရူပီးငွေ၅၁၅၀နှင့် ငွေကျပ် သိန်း ၉၀ ကျော်ဖြစ်သည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အိန္ဒိယနိုင်ငံ တက္ကသိုလ် ၁၀ခုတို့၌ ပညာသင်ကြားနေသော မြန်မာပညာတော်သင် ရဟန်း ၈၅ပါး တို့အတွက် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဩဘာလမ်း အမှတ်(၇၂)နေ မောင်ထွန်းထွန်းလင်း၊ မဖြိုးဖြိုးခိုင်ထွန်းတို့၏ မင်္ဂလာဦး အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

“ကလေး”ဒေသ အောင်ပွဲ

* တောင်တန်းနှစ်သွယ်
ကြားဝယ်လွင်ပြင်၊ ဒွေးမြစ်ယှဉ်ကာ
စီးသွင်တွေတွေ၊ “ကလေး”မြေတည့်။

* “နေရဋ္ဌရာ”၊ ရေလမ်းသာဆဲ
ရာဇဂြိုဟ်အနီး၊ တမံဆီး၍
လျှပ်မီးရစေ၊ စိုက်ပျိုးစေဟု
နှစ်ထွေမျှော်မှန်း၊ လျှိုချိုင့်ဝှမ်း၌
လုပ်ငန်းရေရှည်၊ တည်ဆောက်နေ၏။

* “ကလေး”သို့တက်၊ တမူးထွက်မည့်
နက်မှောင်လမ်းသစ်၊ တားဆီးဖြစ်သည့်
“မြစ်သာ”ကျော်လွှား၊ ကူးဖြတ်သွားရန်
တံတားခေတ်မီ
ဆောက်တည်ဖွင့်လှစ်၊ ပုံစံသစ်၏။

* မြစ်သာမြစ်နှင့်
နေရဋ္ဌရာ၊ မြစ်နှစ်မြွာလျှင်
မြို့ရွာကောင်းမှု၊ အကျိုးပြုရှင့်
မြေထုတမံ၊ ရေလှောင်ကန်နှင့်
မိုးပျံကျော်လွှား၊ သံတံတားနှင့်
စပါးကြွယ်ပေ၊ နုန်းတင်မြေနှင့်
ရေအားသုံး၍၊ နောင်တစ်နေ့ဝယ်
လင်းပေ့စွမ်းအင်၊ လုပ်ငန်းခွင်နှင့်
မြော်မြင်ရှေ့ရေး၊ စီမံပေးသည်
“ကလေး”ဒေသ အောင်ပွဲတည်း။ ။

(ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် မြစ်သာတံတားကို ဂုဏ်ပြုစပ်ဆိုပါသည်။)

ကို(တက္ကသိုလ်)

မြစ်ကိုမြင်လျှင် လျှပ်စစ်ဆင်မည်

တက္ကသိုလ်တင်ခ

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ ၁၀-၄-၂၀၀၄ ရက်က ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။

ယခင်က မြစ်ကိုမြင်လျှင် တံတားဆင်ခဲ့သည်။ ဧရာဝတီမြစ်ကို မြင်၍ တံတားကြီးများ ဆင်ထားပြီးခဲ့ပါပြီ။

ယခုအခါ ဧရာဝတီမြစ်ပေါ်တွင် မြစ်ကြီးနားရှိ ဗလမင်းထင်၊ ပြည်မြို့တွင် နဝဒေး၊ မအူပင်မှာ မအူပင်တံတားနှင့် ဒေးဒရဲတွင် ဒေးဒရဲတံတားများကို ဆင်ထားပါပြီ။ ချောက်မြို့နယ်ရှိ အနော်ရထာတံတား၊ ညောင်တုန်းမြို့တွင် ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား (မကွေး)တို့ကို ဆင်ယင်ပေးခဲ့ပါပြီ။

မြန်မာ့မြေနှင့်ဧရာဝတီမြစ်သည် ထာဝစဉ် ယှဉ်တွဲလျက်ရှိသည်။ ဧရာဝတီသည် မြန်မာ့မြေပထဝီတွင်သာ သန္ဓေတည်လာခဲ့သည်။ မြန်မာ့ဇာတိ ဧရာဝတီသည် မြန်မာ့ရေပီသစွာ မြန်မာ့မြေပိုင်နက် မိုင်ပေါင်း ၁၃၅၀ ကို ဖြတ်သန်းစီးဆင်းပြီး မြန်မာ့ပင်လယ်တွင်းသို့ စီးဆင်းဝင်ရောက်ခဲ့သည်။

ယခင်ကနယ်ချဲ့သည် ကမ္ဘာကျော်နေမဝင်အင်ပါယာဟူ၍ကြွေးကြော်အသံကောင်းဟစ်ခဲ့သော်လည်း စစ်ကိုင်း(အင်းဝ)တံတားတစ်စင်းကိုသာ တည်ဆောက်နိုင်ခဲ့ပါသည်။ မြန်မာ့ဧရာဝတီသည် နယ်ချဲ့လက်ရာတံတားထက် မြန်မာပြည်သားတို့ တည်ထားမည့် တံတားတစ်စင်းကိုသာ မျှော်လင့်တောင့်တခဲ့ပါသည်။

ဧရာဝတီ၏ မျှော်လင့်တောင့်တမှုသည် ကြောင့်ကြစရာမလိုတော့ပြီ။ မကြာမီ ဧရာဝတီ(ရတနာပုံ)တံတားသည် ဝင့်ကြွားစွာ ပေါ်ထွန်းလာတော့မည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတံတားသစ် (ရတနာပုံ) ကို ထပ်မံတည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၀ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လက်ရှိစစ်ကိုင်း(အင်းဝ)တံတား အထက်ရေဆန်တက်ပေ ၂၀၀၀ အကွာမန္တလေးခဝါတောင်ဘက်ကမ်း နှင့် စစ်ကိုင်းဘက်တကောင်းရပ်ဆိပ်ကမ်းကို ဆက်သွယ်ဆောက်လုပ်ရန် နေရာရွေးချယ်ပေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၄ခုနှစ် ဧပြီလခရီးစဉ်တွင် ပါဝင်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧရာဝတီတံတား (ရတနာပုံ) သံပေါင်တပ်မင်္ဂလာအခမ်းအနားကို အဖွဲ့ဝင်များနှင့်အတူ တက်ရောက်အားပေးချီးမြှင့်ပြီး တံတားပေါင်၌ ရွှေမှူလီကို တပ်ဆင်ပေးခဲ့သည်။

မြန်မာပြည်၏ ဧရာဝတီတွင် ရတနာပုံတံတားကြီး မကြာမီ ပြီးစီးအောင်မြင် တပ်ဆင်ပေးနိုင်တော့မည်။ ဧရာဝတီမြစ်ကို မြင်၍ တံတားကြီးများကို အောင်မြင်စွာ ဆင်ယင်ပေးနိုင်ခဲ့သည်။

ထို့အတူ ဧရာဝတီမြစ်ဝှမ်း လျှပ်စစ်စီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်း လျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ဝှမ်း လျှပ်စစ်စီမံကိန်း၊ စစ်တောင်းမြစ်ဝှမ်း လျှပ်စစ်စီမံကိန်းကြီးများ မြည်သံဟိန်း ပေါ်ထွက်လာတော့မည်။

ဤတွင် ဧရာဝတီကို သက်သေတည်ကာ ဧရာဝတီမြစ်ကိုမြင်၍ လျှပ်စစ်ဆင်မည့် အသွင်အပြင်တို့ကို သိမြင်လေ့လာထားသမျှ ဆက်စပ်တင်ပြလိုပါသည်။

ဧရာဝတီမြစ်လက်တက် အငယ်ဆုံးမှပင် စတင်လိုပါသည်။ မမြင်ဖူး မူးမြစ်ထင်သည်ဟုပင် တင်စားခဲ့သည်။

မူးမြစ်သည် ဧရာဝတီမြစ်၏ လက်တက်ငယ်ဖြစ်၍ မိုင် ၁၇၀ ခန့်ရှည်သည်။ ကသာခရိုင် ဗန်းမောက်မြို့နယ် အနောက်တောင်ပိုင်းမှ စတင်ကာ မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ သို့သော် ကသာခရိုင်အတွင်းရှိ မူးမြစ်တစ်လျှောက်မှာ ယခင်က ကူးသန်းသွားလာခြင်း မရှိခဲ့ပေ။ မူးမြစ်သည် ကသာခရိုင်မှကျော်လျှင် ရွှေဘိုအတွင်းသို့ရောက်ကာ အလယ်မှ ဖြတ်သွားပြီးလျှင် စစ်ကိုင်းခရိုင်အတွင်းသို့ စီးဆင်းပေရာ စစ်ကိုင်းနယ်မြေနှင့် မြင်းမူနယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ထားသကဲ့သို့ ရှိနေသည်။ မြင်းမူမြို့အနီးတွင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပေါင်းဆုံသည်။

မမြင်ဖူး၍ မူးကို မြစ်ထင်ခဲ့သည်ဟုဆိုသော်လည်း မူးမြစ်ဝှမ်းစီမံကိန်းကြီး ပေါ်ထွန်းခဲ့သည်။

၁၉၉၄ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုံရွာမြို့သို့ ရောက်ရှိစဉ် မူးမြစ်ဝှမ်းစီမံကိန်း၏ အပိုင်း(၁)အဖြစ် တန့်ဆည်မြို့နယ် ဝက်သိုကျေးရွာအနီး၌ ကင်းတပ် ရေလွှဲတမံစီမံကိန်းကြီးကို ဖန်တီးပေးနိုင်ခဲ့သည်။

၁၉၉၇ခုနှစ် မတ်လတွင် ကင်းတပ်ရေလွှဲဆည်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကင်းတပ်ရေလွှဲဆည်သည် ရေများများ သိုလှောင်နိုင်သည့်တမံမျိုး မဟုတ်သော်လည်း မူးမြစ်ရေကို တစ်စိတ်တစ်ပိုင်း ထိန်းသိမ်းပေးနိုင်သည့်အပြင် ရေပေးတူးမြောင်းစနစ်ပါရှိနေ၍ မူးမြစ်ရေကို အကျိုးရှိရှိ အချိန်စောပြီး တိုးချဲ့အသုံးပြုနိုင်ခဲ့သည်။ မူးမြစ်ဝှမ်းစီမံကိန်း၏ ပဏာမ အောင်မြင်မှုတစ်ရပ်ပင်ဖြစ်သည်။

ကင်းတပ်ရေလွှဲဆည် တည်ဆောက်မပြီးမီကပင် ၁၉၉၆ ခုနှစ် စက်တင်ဘာလတွင် သဖန်းဆိပ် ရေလှောင်တမံကြီးကို စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် မူးမြစ်ဝှမ်းစီမံကိန်း၏အဓိကအပိုင်းဖြစ်သည့် သဖန်းဆိပ်ဆည်တမံကြီး ပြီးစီးအောင်မြင်ခြင်းပင်ဖြစ်သည်။ ရေသိုလှောင်သည့် ပမာဏမှာ ဧကပေ ၂၁ ဒသမ ၈ သန်းဖြစ်၍ မူးမြစ်ရေကို အပြည့်အဝ အသုံးချနိုင်ခဲ့သည်။ ကင်းတပ်ရေလွှဲဆည်သို့ ရေများထိန်းလွှတ်ပြီး ရေပေးတူးမြောင်းများမှ တစ်ဆင့် စိုက်ပျိုးမြေဧက ငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး ရေပေးဝေလျက်ရှိသည်။

၂၀၀၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးခဲ့သည်။ ရေအားလျှပ်စစ်စီမံကိန်းအရ တာဘိုင်စက်သုံးလုံးဖြင့် ဓာတ်အားမဂ္ဂါဝပ် ၃၀ကို ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ခြင်းဖြင့် မူးမြစ်ကို လျှပ်စစ်ဆင်နိုင်ခဲ့ပြီဖြစ်သည်။ နှစ်စဉ် ရေစီးဆင်းမှုပမာဏ ဧကပေ သုံးသိန်းကျော်ရှိသည့် မူးမြစ်ကို လျှပ်စစ်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ချင်းတွင်းမြင်လျှင် လျှပ်စစ်ဆင်မည်

ချင်းတွင်းသည် ဧရာဝတီမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သည်။ သလ္လာဝတီမြစ်ဟုလည်း ခေါ်တွင်သည်။ ဧရာဝတီမြစ်တွင်းသို့ ပခုက္ကူအနီးတွင် စီးဝင်သော ချင်းတွင်းမြစ်၏အောက်မြစ်ဝသည် ပုဂံမင်းတစ်ပါး ဖောက်လုပ်ခဲ့သည့် တူးမြောင်းကြီးဖြစ်ကြောင်းဆိုကြသည်။ ထိုတူးမြောင်းသည် နှစ်ပေါင်းရှည်ကြာ ပိတ်ဆို့နေခဲ့ရာမှ ၁၈၄၂ ခုနှစ် ရေကြီးသည့်အခါတွင်မှ ပြန်၍ပွင့်သွားသည်ဟု သမိုင်းမှတ်တမ်းရှိခဲ့သည်။

ဟူးကောင်းချိုင့်ဝှမ်းဘက်မှ မြစ်ဖျားခံလာသော ချင်းတွင်းမြစ်ကို အခြေခံ၍ ထမံသီစီမံကိန်း၊ ဟုမ္မလင်း စီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေး စီမံကိန်းစသည်တို့ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ရေလှောင်တမံ အဆင့်ဆင့်မှသည် ရေအားလျှပ်စစ်စီမံကိန်းကြီးများ တိုးပွားလာတော့မည်ဖြစ်သည်။ ယင်းစီမံကိန်းများအနက် ထမံသီရေအားလျှပ်စစ် စီမံကိန်းမှာ အကြီးစားစီမံကိန်း တစ်ရပ်ဖြစ်သည်။ ခန့်မှန်းခြေ မဂ္ဂါဝပ် ၁၂၆၀ ခန့် ထုတ်လုပ်နိုင်မည်ဟု သိရသည်။

အထူးမှာ မုံရွာမြို့၏အထက် မိုင် ၂၀ ခန့်ရှိသော ရွှေစာရေးလျှပ်စစ်စီမံကိန်းသည် ထူးခြားသောအသွင် မြင်တွေ့လေ့လာရသည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ကျော်ခန့် ထုတ်လုပ်နိုင်မည်ဟု သိရသည်။

ချင်းတွင်းမြစ်၏ တစ်နှစ်ရေစီးမှုမှာ ဧကပေ ၁၁၅ သန်းခန့်ရှိကြောင်း သိရှိရသည်။ မြန်မာတစ်နိုင်ငံလုံး ရေသယံဇာတ၏ ၁၆ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိသည်။ ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် လျှပ်စစ်စီမံကိန်း အဆင့်ဆင့်ရှိသည့်အနက် ရွှေစာရေးကျေးရွာ ပတ်ဝန်းကျင်၌ အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ မုံရွာဒေသအနောက်ဘက်ခြမ်းနှင့် ပခုက္ကူခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးရန် ရည်သန်စီမံထားခြင်းဖြစ်သည်။

ယင်းဒေသရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျတစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ ရောက်ရှိကြမည်ဖြစ်သည်။ သီးနှံတိုးတက်လာဘိသကဲ့သို့ ဝင်ငွေလည်းတိုးတက်ကြွယ်ဝလာမည်သာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဒေသများလည်း စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။ မုံရွာခရိုင်သည် ၁၃ခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပါဝင်လျက်ရှိရာ ချင်းတွင်းမြင်၍ ရေအားလျှပ်စစ် ဆင်နိုင်သည်နှင့်အမျှ သစ်ပင်တောတန်း စိမ်းလန်းစိုပြည်လာမည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။

မုံရွာဒေသရှိ သတ္တုရိုင်းစီမံကိန်းများနှင့် စက်ရုံအလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အားရရှိစေရုံသာမက မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် အခြားဒေသများကိုပါ လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအောင်မြင်ပါက စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ချင်းတွင်းရေကြောင်းသွားလာမှုကိုပါ ရာသီမရွေး အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ချင်းတွင်းမြစ်တွင် ရွှေစာရေးလျှပ်စစ်ဆင်ပြီးပါက ဘက်စုံကဏ္ဍစုံ ပြည့်စုံ လာတော့မည်ဖြစ်သည်။ ရွှေစာရေးက ငွေပေးနိုင်တော့မည်။ ရွှေစာရေးနိုင်ရုံသာမက ရွှေငွေအရေး အဆင်ပြေ အေးစေနိုင်မည်ဟု ယုံကြည်မျှော်လင့်ထားပါသည်။ မြစ်ကိုမြင်လျှင် တံတားတွေဆင်ပေးနေဆဲဖြစ်သည်။ ၂၀၀၃ ခုနှစ် ဧပြီလ ၇ ရက်နေ့က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ချင်းတွင်းတံတား(မုံရွာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပါပြီ။

ချင်းတွင်းမြစ်၏ မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သည့် ဆင်ဖြူရှင်တံတားကြီးကိုလည်း ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်ပင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်ကို ပြန်လည်အမှတ်ရမိပါသည်။ ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ အထက် တံတားကြီးများအနက် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင် တံတားကြီးသည် အစင်းတစ်ရာမြောက် ရာပြည့်တံတားကြီးအဖြစ် မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်သည်။

ချင်းတွင်းမြစ်ကိုမြင်ခဲ့၍ ချင်းတွင်းမြစ်ကူးတံတားကြီးများ ဆင်ယင်ပြီး သွားခဲ့ပါပြီ။ ယခုအခါ ချင်းတွင်းမြစ် ပတ်ဝန်းကျင်တွင် ရွှေစာရေး လျှပ်စစ်ဆင်ပေးတော့မည်ဖြစ်သည်။ ။

ဖော်လူဂျာတွင် ခိန်ပြောင်းဖြင့် ပစ်ခတ် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံး

ဖော်လူဂျာ (အီရတ်) ဇွန် ၉

ခုခံတိုက်ခိုက်သူများက အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖော်လူဂျာမြို့တွင် ဗုဒ္ဓဟူးနေ့က စိန်ပြောင်းဖြင့် တိုက်ခိုက်ရာ ၁၂ ဦး သေဆုံးသွားကြောင်း တပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

ဘဂ္ဂဒက်မြို့တော် ဆာဒါ ဆင်ခြေဖုံးဒေသတွင် ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ရဲစခန်းကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့များနှင့် ခုခံတိုက်ခိုက်ရေးသမားများ အပြင်းအထန် တိုက်ခိုက်ပြီးသည့်နောက် ဖော်လူဂျာရှိ ဗိုလ်ချုပ်ကြီး မိုဟာမက်လက်တစ်၏ တပ်ဖွဲ့များက ဘဂ္ဂဒက်အနောက်ပိုင်းရှိ ဖော်လူဂျာမြို့ ငြိမ်သက်မှုရရှိစေရန် အစီအစဉ် ချမှတ်ပြီးကတည်းက ပြောက်ကျားများက ဗိုလ်ချုပ်ကြီး မိုဟာမက်၏ တပ်ဖွဲ့ကို ပထမဆုံး အကြိမ် တိုက်ခိုက်ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် လူ ၁၀ ဦး သေဆုံးကြောင်း ၎င်းတပ်ဖွဲ့မှ အရာရှိများက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ နေထိုင်ရာ စခန်းတစ်ခုကို စိန်ပြောင်းကျည် ထိမှန်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းတိုက်ခိုက်ချိန်၌ ဗိုလ်ချုပ်ကြီး လက်တစ်သည် ယင်းနေရာတွင် မရှိ၊ အမေရိကန်တပ်ဖွဲ့ဝင်များလည်း မရှိဟုဆိုသည်။

အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက ဗိုလ်ချုပ်ကြီးလက်တစ်ကို ပြောက်ကျားများအား ထိန်းချုပ်စေရန်၊ ပြည်ပ တိုက်ခိုက်ရေးသမားများအား ဖမ်းဆီးစေရန်၊ သတ်ဖြတ်စေရန်နှင့် တွန်းလှန်တိုက်ခိုက်ရေးသမားများထံမှ လက်နက်များ သိမ်းခိုင်းစေရန် လိုလားကြသည်။ ဗိုလ်ချုပ်ကြီးလက်တစ်က ဖော်လူဂျာမြို့သည် ငြိမ်းချမ်းရေး ချစ်မြတ်နိုးသူများ နေထိုင်ရာ မြို့ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့များ ယင်းမြို့မှ ဆုတ်ခွာသင့်သည်ဟု ယုံကြည်နေသည်။

အမေရိကန် တပ်ဖွဲ့များသည် ဖော်လူဂျာမြို့မှ လက်တစ်ကမ်းအကွာတွင်ရှိသည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့များသည် ဖော်လူဂျာမြို့ တည်ငြိမ်စေရေးအတွက် ခပ်လျှိုလျှို အနေအထားဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်။ တိုက်ခိုက်မှုဖြစ်ပွားနေချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးတွဲ၍ ဖော်လူဂျာမြို့မှ ဖြတ်သန်းသွားရန်စီစဉ်ထားကြောင်း တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အင်တာနက်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက် ပြင်သစ်ထောက်ခံသော်လည်း အပြည့်အဝ ကျေနပ်မှုမရှိ

ပါရီ ဇွန် ၁၀

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွင် ပြင်သစ်နိုင်ငံက စိုးရိမ်မကင်းရှိသည့် အချက်အလက်များကို ပြင်ဆင်ရေးသားခဲ့ပြီးသည့်နောက် အီရတ်ပြည်သူလူထုအား အာဏာလွှဲပြောင်းပေးစေမည့် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ထောက်ခံရန် အင်္ဂါနေ့က ကတိကဝတ်ပြုလိုက်သည်။

ပြင်သစ်နိုင်ငံ၏ ဖော်ပြပါဆုံးဖြတ်ချက်က လုံခြုံရေးကောင်စီ၏ ထောက်ခံမှုရရှိစေရန် လမ်းရှင်းပေးလိုက်ခြင်းဖြစ်သည်။

ပြင်သစ်အနေဖြင့် ယင်းဆုံးဖြတ်ချက်ကို ယခုထက်တိုင် အပြည့်အဝ ကျေနပ်မှု မရှိသေးကြောင်း၊ သို့ရာတွင် ယင်းမူကြမ်းနှင့် ပတ်သက်၍ နိုင်ငံရေးအရ ထွက်ပေါက်ရရှိစေရန် အပြုသဘောဖြင့် မဲပေးခဲ့မှုကို ဟန့်တားနိုင်ခြင်းမပြုနိုင်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာက ပြောကြားသည်။

ယင်းဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ပထမဆုံးအကြိမ်အဖြစ် အမှန်တကယ်ပင် ဆွေးနွေးညှိနှိုင်းမှု ရှိခဲ့ပါကြောင်း၊ မိမိတို့၏ တောင်းဆိုချက်များကိုလည်း လိုက်လျောကြောင်း၊ မိမိတို့၏ သဘောထားများ ယင်းဆုံးဖြတ်ချက်တွင် အများအပြားပါရှိကြောင်း ၎င်းက ပြောကြားသည်။

ဂျာမနီနိုင်ငံက စိုးရိမ်မကင်းဖြစ်မှု ၉၀ ရာခိုင်နှုန်းကို ယခုဆုံးဖြတ်ချက်က ဖြည့်ဆည်းထားပေးကြောင်း၊ ယင်းအတွက် မိမိတို့ လက်ခံနိုင်သည်ဟု ထင်မြင်မိကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျာမနီသံအမတ်ကြီးက ပြောကြားသည်။

ရုရှားနိုင်ငံက ယခုထက်တိုင် ယင်းဆုံးဖြတ်ချက်အပေါ် လုံးဝကျေနပ်မှု မရှိငြားသော်လည်း သမ္မတဘုရှ်နှင့် ဂျက်ရှီရက်တို့က အဆိုပါ ဆုံးဖြတ်ချက် မကြာမီချမှတ်နိုင်ဖွယ်ရှိကြောင်း ပြောကြားသည်။

တရုတ်ပြည်ကလည်း ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်မှုများ ပြုလုပ်ထားသဖြင့် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ခုခံရေးသမားများက အီရတ်တွင် နေရာအနှံ့အပြား ပစ်ခတ်တိုက်ခိုက်လျက်ရှိ

ဘဂ္ဂဒက် ဇွန် ၁၀

အီရတ်ရှိ ခုခံတိုက်ခိုက်ရေးသမားများသည် ဗုဒ္ဓဟူးနေ့က နေရာအများအပြား၌ အပေါင်းပါတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြသည်။

ဖျက်ဆီး

ဘဂ္ဂဒက်အနောက်ဘက်ရှိ အီရတ်စစ်တပ်ဖွဲ့စခန်းကို စိန်ပြောင်းနှင့် ပစ်ခတ်ခြင်း၊ မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းနှစ်ခုကို ဖျက်ဆီးခြင်းနှင့် မြို့တော်တွင်း တစ်နေရာ၌ ချုံခိုတိုက်ခိုက်ခြင်းများကို ပြုလုပ်ခဲ့သည်။

ထို့အပြင် အင်္ဂါနေ့ ညပိုင်းကလည်း ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါ၏ သစ္စာခံတပ်များက နာဂျက်ဖ်ရှိ ရဲစခန်းတစ်ခုကို စီးနင်းရန် ကြိုးပမ်းခဲ့ကြသည်။ ဆာဒါ၏ မာဒီတပ်ဖွဲ့များသည် ဗုဒ္ဓဟူးနေ့အထိ အရေးပါသည့် အဆောက်အုံကို စိုးမိုးသိမ်းပိုက်ထားဆဲဖြစ်သည်။ ထိုအရေးပါသည့် အဆောက်အအုံ၏ ခေါင်မိုးအခုံးမှာ ရွှေချထားသည်။

မကြာသေးမီက အီရတ်ရှိ အမေရိကန် အာဏာပိုင်များက အီရတ်ပြည်သူ့ စစ်လက်နက်ကိုင်များနှင့် ပတ်သက်နေသော အရာရှိများသည် လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်မရှိကြောင်း ပြောဆိုခဲ့ကြသည်။

ယှဉ်ပြိုင်ခွင့်မရှိ

ဆာဒါ၏ လက်ထောက်တစ်ဦးက ထိုအချက်ကို ဆန့်ကျင်ပြီး ခုခံရေးသမားလက်နက်ကိုင်များနှင့် ဆက်စပ်နေသူအရာရှိများလည်း ယှဉ်ပြိုင်ခွင့်ရှိရမည်ဟု တောင်းဆိုလိုက်သည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုအများအပြား ဆက်လက်ဖြစ်ပွားနေခြင်းက အမေရိကန်တို့သည် အီရတ်၌ တိုက်ခိုက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ဖော်ပြလျက်ရှိသည်။ လာမည့် ဇွန်လ ၃၀ ရက်တွင် အီရတ်များ လက်သို့ အမေရိကန်တို့က အချုပ်အခြာအာဏာကို လွှဲပြောင်းပေးပြီးသောအခါ အီရတ်အခြေအနေမှာ ပို၍ပင်ဆိုးရွားလာစရာရှိကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။

ပဟေဠိဖြစ်

ဇွန် ၃၀ ရက် နောက်ပိုင်းတွင် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု အနေအထားကို အသိအမှတ်ပြုသော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အင်္ဂါနေ့က အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

ထိုဆုံးဖြတ်ချက်က အီရတ်ရှိအမေရိကန်နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့ ရင်ဆိုင်နေရသောခုခံမှုပြဿနာ ပြေလည်သွားနိုင်ခြင်း ရှိ၊မရှိ အကြီးမားဆုံး ပဟေဠိဖြစ်လျက်ရှိသည်ဟု ဆိုသည်။

ဗုဒ္ဓဟူးနေ့က ဖြစ်ပေါ်ခဲ့သော ခုခံတိုက်ခိုက်မှုများကြောင့် အီရတ်ခုခံ တိုက်ခိုက်ရေးသမားများသည် ၎င်းတို့ လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်မည့် လက္ခဏာများ ရှိကြောင်း တွေ့ရသည်ဟု မှန်းဆကြသည်။

လွန်ခဲ့သော သီတင်းပတ်က ရေနံပို့လွှတ်ရေး ပိုက်လိုင်းများကို တိုက်ခိုက်ခံခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် ဘဂ္ဂဒက်မြို့၏ တောင်ဘက်ရှိ ဓာတ်အားပေးစက်ရုံကို ရပ်ဆိုင်းလိုက်ရကြောင်းသိရသည်။

ခုခံတိုက်ခိုက်ရေး သမားများက အီရတ်အစိုးရသစ်နှင့် သိမ်းပိုက်ရေး အာဏာပိုင်များ၏ စွမ်းဆောင်ထိန်းချုပ်နိုင်မှုအပေါ် ပြည်သူများ အယုံအကြည်မဲ့သွားစေရန် ပစ်မှတ်များကို ပိုင်နိုင်စွာရွေးချယ်၍ တိုက်ခိုက်လျက်ရှိသည်ဟု ဆိုသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့တွင် အီရတ်တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသည့် ယာဉ်တစ်စီးကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် အပစ်အခတ်ရပ်စဲထားသော်လည်း ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွား

နာဂျက်ဖ် (အီရတ်) ဇွန် ၁၀

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများက နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုများ အဆုံးသတ်ရန် ယာယီအပစ်အခတ် ရပ်စဲရေး ပြုလုပ်ထားသော်လည်း အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်တပ်သားများသည် ယင်းမြို့တွင် ကြာသပတေးနေ့က ပစ်ခတ်တိုက်ခိုက်ကြရာ တစ်ဦးထက်မနည်း သေဆုံးသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ရိုင်ဖယ်သေနတ်များနှင့် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်နေသည့် ရှီးယိုက်မီဒီအရပ်သားလက်နက်ကိုင် တပ်သားများအား တိုက်ခိုက်ရန် ရဲတပ်ဖွဲ့ဝင်များက ထရပ်ကားများဖြင့် အမြန်မောင်းနှင်သွားကြစဉ် နာဂျက်ဖ် မြို့တွင်းရှိ လမ်းများတွင် သေနတ်သံများ ကြိုးကြားကြိုးကြား ပွဲတင်ထပ်ကြားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ညက ဖြစ်ပွားသည့် အဆိုပါတိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အီရတ်အရပ်သား အများအပြား ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အဆိုပါ ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ တိုက်ခိုက်မှုဖြစ်ပွားရခြင်း၏ ဇာစ်မြစ်ကို သဲသဲကွဲကွဲမသိရှိရသေးပေ။

အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း၊ သို့ရာတွင် ရဲတပ်ဖွဲ့ဝင်များသည် မည်သည့်အဖွဲ့နှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်သည်ကို ပြတ်သားစွာ မသိရသေးကြောင်း အပေါင်းပါစစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဘာသာရေးဆိုင်ရာ အဆောက်အအုံများအနီးတွင် တိုက်ခိုက်မှုများ အဆုံးသတ်ရန် ရည်ရွယ်သည့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ နာဂျက်ဖ်မြို့မှ ဆုတ်ခွာရန် ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါ၏ သစ္စာခံ မီဒီအရပ်သား လက်နက်ကိုင်တပ်သားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ လွန်ခဲ့သည့်ရက်သတ္တပတ်က သဘောတူညီခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံမြောက်ပိုင်း ဘာကူဘာမြို့ရှိ ကန်အခြေစိုက်စခန်းရှေ့ အသေခံကားဗုံးပေါက်ကွဲ၊ လေးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိ

ဘာကူဘာ(အီရတ်) ဇွန် ၁၀

အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ အမေရိကန်အခြေစိုက်စခန်း အရှေ့တွင် ဇွန် ၈ ရက်က လူသွားလူလာများသည့်အချိန်၌ အသေခံကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်လေးဦး သေဆုံးပြီး အခြားလူ ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းသို့ ကားဗုံးပေါက်ကွဲသဖြင့် ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၃၀ အကွာရှိ အယ်ဖာရစ်အခြေစိုက်စခန်း၌ ဒဏ်ရာရရှိသူများအား ရွှေ့ပြောင်းပေးရန် လူနာတင်ကားများ၊ အမေရိကန်ဟမ်ဗီးစစ်ကားများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ကြသည်။

ယင်း ကားဗုံးပေါက်ကွဲမှုကို အမေရိကန်စစ်ဘက်ဆိုင်ရာက အတည်ပြုပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်းမရှိပေ။

လူသွားလူလာများချိန်တွင် အသေခံဗုံးခွဲသူတစ်ဦးသည် ၎င်းစီးနင်းလိုက်ပါလာသည့် မစ်ဆူဘီရှီကားကို ဖောက်ခွဲခဲ့ကြောင်း အီရတ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အသေခံ ကားဗုံးပေါက်ကွဲမှုမှာ အမေရိကန်အခြေစိုက်စခန်း၏ ပင်မဝင်ပေါက်မှ ၁၀ ကိုက်အကွာတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယင်းသို့ ပေါက်ကွဲရာတွင် လေးဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။

တိုက်ခိုက်

ဇွန် ၃၀ ရက်တွင် အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာ လွှဲပြောင်းမပေးအပ်မီ ရက်ပိုင်းအလိုတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ အပေါင်းပါတပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများဖြစ်ပွားရာတွင် ယခုအသေခံ ကားဗုံးပေါက်ကွဲမှုများမှာ မကြာသေးမီကမှ ဖြစ်ပွားတိုက်ခိုက်မှုဖြစ်သည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန် အခြေစိုက်စခန်း၏ ဂိတ်ပေါက်အနီးတွင်လည်း တနင်္ဂနွေနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူခြောက်ဦး သေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် အခြားလူ ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အင်တာနက်။

မီးငြိမ်းသတ်

ဇွန် ၉ ရက်က ဘဂ္ဂဒက်မြို့အဝေးပြေး လမ်းမပေါ်တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသည့် ယာဉ်တစ်စီးကို မီးငြိမ်းသတ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်တောင်ဘက်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၁၀

အမေရိကန် စစ်စခန်းတစ်ခုကို စိန်ပြောင်းဖြင့် အကြီးအကျယ်တိုက်ခိုက်ခံရစဉ် ဘဂ္ဂဒက်မြို့တောင်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို လမ်းဘေးဗုံးထောင်တိုက်ခိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်။

အဆိုပါ ချုံခိုတိုက်ခိုက်မှုမှာ အယ်အစ္စကန်ဒါရီယာအနီး တနင်္လာနေ့နံနက်က ဖြစ်ပွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် သတင်းရပ်ကွက်ကို ကိုးကားလျက် ဘဂ္ဂဒက်ရှိ အယ်ဂျာဇီရာ သတင်းထောက်က ပြောကြားသည်။

အမေရိကန် ပြောရေးဆိုခွင့်ရှိသူက ဒဏ်ရာရရှိသူများ၏ အမည်ကို မပြောနိုင်ပေ။ သို့သော် ဘဂ္ဂဒက်ရှိ အမေရိကန်တပ်များကိုလည်း ပစ်ခတ်တိုက်ခိုက်ကြောင်း အတည်ပြု ပြောဆိုသည်။

အီရတ် ခုခံတွန်းလှန်သူ များသည် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဌာနချုပ်အဖြစ် အသုံးပြုသည့် အဒါဟီယာခရိုင်မှ သမ္မတနန်းတော် အဆောက်အအုံကိုလည်း စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်သည်။ အမေရိကန်စစ်ဘက် အာဏာပိုင်များကမူ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် အသေးစိတ်အချက်အလက်များ ပြောဆိုဝေဖန်ခြင်း မပြုကြဟုဆိုသည်။ ***အင်တာနက်။***

ကန်အရန်တပ်ဖွဲ့ဝင်များ အီရတ်တွင် ထိခိုက်သေဆုံးမှုများပြား

ဝါရှင်တန် ဇွန် ၁၀

ဇွန်လ၏ ပထမသီတင်းပတ်အတွင်း အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးရှိသည်။ ယင်းအနက် ကိုးဦးမှာ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ သို့မဟုတ် အရန်တပ်ဖွဲ့ဝင်များဖြစ်ကြသည်။ ဤအချက်က အရန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှုန်း အထူးမြင့်မားနေခြင်းကို ဖော်ပြနေသည်ဟုဆိုသည်။ အင်္ဂါနေ့က အတည်ပြုကြေညာခဲ့သော သေဆုံးသူကိုးဦးစာရင်းတွင် အသက် ၂၉ နှစ်ရှိ မွမ့်ပါလီယာမှ တပ်ကြပ်ကြီးဂျာမီအောဂရေးလည်း ပါဝင်သည်။

ဇွန်လ ၇ ရက်က ဂရေးစီးလာသော စစ်ယာဉ်ကို အိမ်တွင်းလုပ် ဗုံးတစ်လုံး ထိမှန်ခဲ့သဖြင့် ၎င်းသေဆုံးသွားခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲခဲ့သောနေရာမှာ အီရတ်နိုင်ငံ စကာနီယားအရပ်တွင်ဖြစ်သည်။ လက်လုပ်ဗုံးသည် အီရတ်စစ်မျက်နှာတွင် အမေရိကန်များကို ဒုက္ခအပေးဆုံး လက်နက်ဖြစ်သည်။

အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အထိအခိုက်စာရင်းမှာလည်း ၅၀၀ ကျော်နေပြီဖြစ်သည်။ အတိအကျဆိုရလျှင် ထိခိုက်ဒဏ်ရာရသူ စုစုပေါင်းမှာ ၅၀၁၃ ဦး ရှိကြောင်း အမေရိကန် စစ်ဌာနချုပ်ပင်တဂွန်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ထိုကိန်းဂဏန်းသည် ယခင်သီတင်းပတ်က စာရင်းထက် ထိခိုက်သူဦးရေ ၁၃၁ ဦးပိုလာသည်ကို ဖော်ပြနေသည်။

ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော တပ်ကြပ်ကြီး ဂရေးမှာ အမှတ်(၁) ဗားမောင့် အမျိုးသားလုံခြုံရေးတပ်ရင်း၏ အမှတ် (၈၆) စစ်မြေပြင်အမြောက်တပ်မှ ဖြစ်သည်။ ၎င်းတပ်ရင်းသည် အမေရိကန်နိုင်ငံ ဝီလီစတန်တွင် တပ်ရင်းရုံးစိုက်သည်။ ဂရေးသည် ထိုတပ်ရင်းမှ တတိယမြောက် သေဆုံးရသူဖြစ်သည်။ ဂရေးမတိုင်မီ သေဆုံးရသူနှစ်ဦးမှာ မေလ ၂၅ ရက်က စိန်ပြောင်းနှင့် အတိုက်ခိုက်ခံရစဉ် အသက်ဆုံးကြရခြင်းဖြစ်သည်။

ပြီးခဲ့သောလများအတွင်း အမေရိကန် အရန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုနှုန်းမှာ မြင့်မားလာသည်ကို တွေ့ရသည်။ ဒဏ်ရာရမှု နှုန်းထားမှာလည်း ယခုလတွင် အမြင့်ဆုံးဖြစ်လာသည်ကို သိရသည်။ မေလတွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှု စုစုပေါင်းမှာ ၈၀ ဦးရှိသည့်အနက် ၂၂ ဦးမှာ အရန်တပ်ဖွဲ့များမှ ဖြစ်သည်။

ဇွန်လအတွင်း အမေရိကန်တပ်ဖွဲ့များအတွက် အဆိုးရွားဆုံးမှာ ပြီးခဲ့သော သောကြာနေ့ ဇွန် ၄ ရက်က ဖြစ်သည်။ ထိုနေ့က အမေရိကန်တပ်များကို ဘဂ္ဂဒက်မြို့တော်၏ ဆာဒါမြို့နယ်တွင် ချုံခိုအတိုက်ခိုက်ခံခဲ့ရသည်။ ထိုတိုက်ခိုက်မှုကြောင့် အော်ရီဂွန်အမျိုးသားလုံခြုံရေးတပ်မှ သုံးဦးနှင့် နယူးဂျာစီ အမျိုးသားလုံခြုံရေးတပ်မှ နှစ်ဦးတို့ သေဆုံးသွားခဲ့သည်။ ထိုတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာကြသော ဟမ်ဗီးကားများမှာ လမ်းဘေးထောင်ဗုံးနှင့် လောင်ချာများ ထိမှန်ခံခဲ့ရစဉ် သေဆုံးကြရခြင်းဖြစ်သည်ဟုဆိုသည်။

ဇွန် ၅ ရက်တွင်လည်း နယူးဂျာစီ အမျိုးသားလုံခြုံရေးတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံအသက်ဆုံးရှုံးခဲ့ကြရသေးသည်။ ထိုနေ့က ၎င်းတို့လိုက်ပါလာသော ယာဉ်ကို အိမ်လုပ်ဗုံး ထိမှန်ပေါက်ကွဲခံခဲ့ရခြင်းဖြစ်သည်။ နောက်တစ်ရက်၌လည်း စိန့်လူးဝစ် အရန်တပ်မှ တပ်ဖွဲ့ဝင်တစ်ဦး စိန်ပြောင်း ထိမှန်သေဆုံးရပြန်သည်။

အဆိုပါ သေဆုံးမှုများနှင့်ပါဆိုလျှင် ယခုအခါ အီရတ်၌ အသက်ဆုံးရှုံးရသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၈၂၇ ဦးရှိသွားပြီဖြစ်သည်ဟု စာရင်းအင်းများက ဖော်ပြသည်။ ***အင်တာနက်။***

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ကန်ကုမ္ပဏီနှစ်ခု ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲခံရ

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်ကာကွယ်ရေး ကန်ထရိုက်ရထားသည့် ကုမ္ပဏီနှစ်ခုမှာ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကြံစည်မှုဖြင့် ဗုဒ္ဓဟူးနေ့က တရားစွဲခံရသည်။

အများအတွက်ကိုယ်စားပြုပြီး ဆန်ဒီဂိုမြို့တွင် တရားစွဲခံရသည့် ကုမ္ပဏီနှစ်ခုမှာ ဆန်ဒီဇိုမြို့အခြေစိုက်သည့် တိုက်တန်ကော်ပိုရေးရှင်းနှင့် ဗာဂျီးနီးယားမှ စီအေစီအိုင်ကုမ္ပဏီတို့ဖြစ်သည်။ မေးမြန်းမှုနှင့် ဘာသာပြန်ဆိုမှု ဝန်ဆောင်လုပ်ငန်းများပေးသည့် ထိုကုမ္ပဏီနှစ်ခုမှ အလုပ်သမားများ၏ အမည်များမှာ အမေရိကန်ကြည်းတပ် စုံစမ်းစစ်ဆေးရေးမှူး ဗိုလ်ချုပ် အင်တိုနီယိုတာဂူဘာ၏ အီရတ်အကျဉ်းစခန်း ညှဉ်းပန်းနှိပ်စက်မှုအစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၉ ရက်က ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်တစ်စီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီးခြားစီဖြစ်ပွားသောအသေခံဗုံးဖောက်ခွဲမှုတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ် ၁၂ ဦး သေဆုံး

မိုဆူးလ်(အီရတ်) ဇွန် ၁၀

အီရတ်နိုင်ငံရှိ ပိုလန်တပ်ဖွဲ့များ ထိန်းချုပ်ရာဒေသတွင် အင်္ဂါနေ့က မိုင်းရှင်းလင်းရေးပြုလုပ်စဉ် တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးသည်။ မိုဆူးလ်နှင့် ဘာကူဘာမြို့များတွင် သီးခြားစီ အသေခံကားဗုံးဖောက်ခွဲမှု နှစ်မှုဖြစ်ပွားခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်နိုင်ငံသား ၁၂ ဦးတို့ သေဆုံးကြပြီး လူ ၆၈ ဦး ထိခိုက်ဒဏ်ရာရရှိကြသည်။ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အခြားအီရတ်နိုင်ငံသား ၁၁ ဦး သေဆုံးခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

တွန်းလှန်တိုက်ခိုက်သူများက အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းအား စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများနှင့် စက်သေနတ်များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြပြီးနောက် ကာမာမြို့တွင် ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန် စစ်သုံးယာဉ်နှစ်စီးထက်မနည်း ပျက်စီးသွားပြီး စစ်ဘက်က အခင်းဖြစ်ပွားရာနေရာကို အသွားအလာပိတ်ဆို့လိုက်သည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက် ရှိ၊ မရှိနှင့်ပတ်သက်၍ ပြတ်ပြတ်သားသားမသိရှိရသေးပေ။ အသေခံကားဗုံးဖောက်ခွဲမှုနှင့် ဒေသခံတာဝန်ရှိပုဂ္ဂိုလ်များအား ပစ်မှတ်ထားထောင်ထားသည့် လမ်းဘေးဗုံး မိုဆူးလ်မြို့တွင် တစ်ပြိုင်တည်း ပေါက်ကွဲမှုကြောင့် လူ ၁၀ ဦး သေဆုံးပြီး ၃၇ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်၊ ရဲနှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းဘေးဗုံး ထိမှန်၍ ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)





အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ဆင်ခြေဖုံး အဘူဂါရိပ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော အီရတ်အကျဉ်းသားတစ်ဦးကို ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့သည့်တိုင် အီရတ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေမှာ ဆိုးရွားနေဆဲဖြစ်သည်။ ဘဂ္ဂဒက်မြို့ရှိ ကလေးဆေးရုံ၌ ဝမ်းရောဂါဖြစ်ပွားနေသည့် ကလေးငယ်များအား ဇွန် ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁၀ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ဌာနချုပ်ရှေ့တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး အဘူဂါရိပ် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက် လာသည့် အီရတ်တစ်ဦးကို ၎င်း၏ မိခင်နှင့်အတူ ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရက်စက်ကြမ်းကြုတ်မှု လုပ်ရပ်များကို ရှုတ်ချပြီး အမေရိကန်တပ်ဖွဲ့ အီရတ်မှ ပြန်လည် ရုပ်သိမ်းရန် အိန္ဒိယနိုင်ငံဘိုပါးလ်မြို့တွင် ဇွန် ၉ရက်က ဆန္ဒပြတောင်းဆိုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခြေခံပညာ အထက်တန်းကျောင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့ အခြေခံပညာ အထက်တန်းကျောင်းကို တွေ့ရစဉ်။

ဓာတ်ပုံ-(နယ်စပ်/စည်ပင်)

ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် မန္တလေးတိုင်း သာစည်မြို့နယ် သာစည်-မင်းလှ-ကုက္ကိုစု-မရွေး ဆက်သွယ်သည့် လမ်းတိုးချဲ့ဖောက်လုပ်နေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-၄၂၅(သာစည်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေး

ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မလှိုင်မြို့နယ် မြစ်ကျင်းစံပြကျေးရွာတွင် စက်ယန္တရားဖြင့် စက်ရေတွင်းတူးဖော်နေစဉ်။

ဓာတ်ပုံ-(နယ်စပ်/စည်ပင်)



အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု တစ်ဖက်ပိတ်ကျေးလက်ဆည်ကို မကွေးတိုင်း အောင်လံမြို့နယ် ကန်နှစ်ဆင့် ကျေးရွာအနီး တည်ဆောက်ထားသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-မိုးကို(သစ်တော)



နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီ တို့၏ လုပ်ငန်း ညှိနှိုင်း အစည်း အဝေး (၉/၂၀၀၄)တွင် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်း စစ်ချုပ် ဗိုလ်ချုပ် လွန်းမောင် ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် စာတမ်းပြုစုနေမှု အခြေအနေ၊ အစုအဖွဲ့ အစည်းအဝေးများတွင် စာတမ်းများ ဖတ်ကြားတင်ပြနေမှုအခြေအနေနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြားတင်ပြမည့် စာတမ်းများ ပြုစုပြီးစီးမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေကြသော ညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေး အခြေအနေတို့နှင့် ပတ်သက်၍ လည်းကောင်း၊ ညီလာခံနားရက်များတွင် ကိုယ်စားလှယ်များအတွက် လေ့လာရေးခရီး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စခန်းပြင်ပထွက်ခွာရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍လည်းကောင်း၊ ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက အမျိုးသားညီလာခံ ကျင်းပခြင်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီ တို့၏ လုပ်ငန်း ညှိနှိုင်း အစည်း အဝေး (၉/၂၀၀၄)တွင် အမျိုးသားညီလာခံ ကျင်း ပ ရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအေးမောင် ဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ
ဆေးဝါးကုသမှုခံယူနေသောညီလာခံကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကားပြောကြား

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၊ ကော်မတီဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့၌ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကိုပေးအပ်သည်။

ကြိုဆို

ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မေးမြန်းအားပေး

ထို့နောက် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသမှု ခံယူနေကြသော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဦးသန်းထိုက်နှင့် ဦးကံသိန်း၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ် ဦးမန်းတင်အောင်သန်း၊ မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးဝင်းမာ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးခိုဖေ၊ ဦးခင်မောင်သိန်း၊ ဦးကျော်အေး၊ ဦးကျော်အောင်၊ ဦးခင်မောင်မြင့်၊ ဦးအောင်လင်း၊ ဦးကျော်ဝင်းကြည်နှင့် ဦးစောဝင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်ဦးစိုးဝင်းနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထိန်လင်းတို့အား တွေ့ဆုံ၍ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ အားပေးစကား ပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲ မှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ဆေးဝါးကုသမှုခံယူလျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လွန်းမောင်နှင့်အဖွဲ့ဝင်များသည် တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀) သို့ ရောက်ရှိကြရာ တပ်မှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသမှု ခံယူနေကြသော တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ် ဦးသိန်းလွင်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ် ဦးခင်ဇော်တို့အားတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ပေးအပ်သည်။ (သတင်းစဉ်)

ထောက်ပံ့ငွေပေးအပ်

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀) တို့၌ ဆေးဝါးကုသမှု ခံယူနေသော ညီလာခံ ကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကား ပြောကြား ပြီး ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာအပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြီးမြင့် ရိုက်ကူးပြီး သရုပ်ဆောင် လွင်မိုး၊ နန္ဒာလှိုင်၊ စိုးမိုးကြည်၊ ခင်စိုးပိုင်နှင့်ထွန်းထွန်းဝင်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် “အချစ်အိမ်ကလေး”ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

စူပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၁

ဇာတ်ကားတစ်ကားရဲ့ အသက်က ဒါရိုက်တာလက်ထဲမှာ ရှိတယ်ဆိုတဲ့ မျိုးစန္ဒီကျော်၊ နှလုံးလှဆရာဝန်ရဲ့ ဝင်းပပလှသူလေးဆွန်ယောင်း၊ရှုတင်ပေါ်က တကယ့်အဖြစ်အပျက်များ၊ ဇာဂနာနဲ့ ဆုငွေတစ်သိန်း၊ စိုးမြတ်မင်း၊ ရန်ပိုင်၊ မာလတို့အကြိုက် ယူရို ၂၀၀၄ပြိုင်ပွဲဝင် ဘောလုံးအသင်း၊ LG ဖလားအကြို ပဏာမမြန်မာ့လက်ရွေးစင်အသင်းအပေါ် နည်းပြချုပ်နှင့် မြန်မာ့လက်ရွေးစင်ဟောင်းတို့၏အမြင်၊ အမြင်ကျယ်သွားသော မင်းသား၊ မင်းသမီးများ အပါအဝင် ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုစတိုင် အလှရောင်စုံဓာတ်ပုံတို့ဖြင့် ပြည်တွင်း၊ ပြည်ပ အနုပညာနှင့် အားကစားနယ်ပယ်တို့မှ စူပါတို့အကြောင်း ဖော်ပြထားသည့် ‘စူပါ’ သတင်းဂျာနယ်ကို ဆင်တောင်ကြီး စာပေ အမှတ်(၄၁) (၂၉)လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ် ဇွန်လအတွက်

(၁၃-၆-၂၀၀၄)ရက်

နှင့်

(၂၇-၆-၂၀၀၄)ရက်

ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ရေကြောင်း အစုန်လမ်း/အဆန်လမ်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇွန် ၁၁

ရောဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)ရေကြောင်းတွင် ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၄)နှင့် (၁၅)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၃)နှင့် (၁၄) အကြားမှလည်းကောင်း ၂၀၀၄ခုနှစ် ဇွန်၁၅ရက်မှစ၍ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင် တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ်အသားပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် တိုင်ခြေကပ်၍ ခုတ်မောင်းခြင်း မပြုရန်၊ ရေယာဉ်နှစ်စင်း တံတားတိုင်အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်တစ်ရပ် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

❒ **အမျိုးသားညီလာခံမှ**

**ရွေးကောက်ပွဲတွင်
ရွေးချယ်ခံထားရသော
ကိုယ်စားလှယ်များအစုအဖွဲ့**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလုက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် မြို (ခေါ်)ခမိ အမျိုးသား ညီညွတ်ရေး ပါတီမှဦးစံသာအောင်နှင့်ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူ တင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလှည့်ကျ သဘာပတိ ဦးယောအေးလုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်က အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြပြီး စာတမ်းရှင်က သဘာပတိထံ ပေးအပ်သည်။

ယင်းနောက် သဘာပတိ ဦးယောအေးလုက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ရပ်နားလိုက်သည်။

**တိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်များ အစုအဖွဲ့**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်တင်ပြမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းအား သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေး အဖွဲ့ခေါင်းဆောင်များ အကြိုညှိနှိုင်း စာတမ်းဖတ်ပွဲကို နံနက် ၉နာရီ ၁၀ မိနစ်တွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မန္တလေးတိုင်းမှ ဦးမြစိန်၊ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ စာတမ်းပြုစုရေး အဖွဲ့ခေါင်းဆောင် ၁၄ဦးနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြားမည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုစာတမ်းကို



နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များ အပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းကို ချင်း

သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်း အဖွဲ့(၁၀)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည် အသေးစိတ် အခြေခံရမည့်မူများနှင့်

ညှိနှိုင်းဆွေးနွေး

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များ အပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) တို့မှ ညီလာခံကိုယ်စားလှယ်များ၏ စုပေါင်း အကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မှ ဦးမင်းအိမ်က ဖတ်ကြားတင်ပြသည်။ ယင်းနောက် သဘာပတိ ဦးအောင်ခမ်းထီက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီ ၅မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဦးမြအေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စာတမ်းပြုစုရေး အဖွဲ့ခေါင်းဆောင်များ၏ကိုယ်စား ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူ၊ ဧရာဝတီတိုင်းမှ ဒေါ်နန့်ဥမ္မာမြ၊ ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန်ဒွဲ့ဘူ၊ ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်းနှင့် မန္တလေးတိုင်းမှ ဦးအောင်ထွန်းတို့က ဖတ်ကြားကြပြီး နံနက် ၁၁နာရီတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

**တောင်သူလယ်သမား
ကိုယ်စားလှယ်များအစုအဖွဲ့**

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို

ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်

ပြည်နယ်မှ ဦးကပ္ပတီအယ်လ်နှင့် မကွေးတိုင်းမှ ဦးဝင်းရွှေတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိ ဦးမြအေးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီ ၂၃မိနစ်တွင် ရပ်နားလိုက်သည်။

**အခြားဖိတ်ကြားသင့်သည့်
ပုဂ္ဂိုလ်များအစုအဖွဲ့**

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းနှင့် မြန်မာ့

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၃၈ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

အမှာစကားပြောကြား

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဦးယောအေးလု အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ သင်ပုန်းရေလှောင်တမံ
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Grammar Made in Easy.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၄၉)**
၁:၅၀ ၇။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ လှိုင်ဆမ်ဆစ် စိုက်ပျိုးရေးဇုန်
၂:၀၀ ၈။ **"တို့ခြံထဲမှာ ခုတော့ဖြင့်ပျော်စရာ" (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို) (ဒါရိုက်တာ-အေဝမ်း မောင်လှမျိုး)**
၂:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၅:၁၅ ၆။ အကပဒေသာ
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၀ ၈။ ရှမ်းရိုးရာဝတ်စားဆင်ယင်မှု
၅:၄၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၁၀ ၁၀။ တေးဂီတအစီအစဉ်
၆:၂၀ ၁၁။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (အရှေ့ပိုင်း)
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery
၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်" (အပိုင်း-၁၉)**
၇:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "သဒ္ဓါ" (အပိုင်း-၁) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဒေါ်နု)**
၁၀:၃၀ ၂၁။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပေါ်တူဂီနှင့်ဂရိ)**

(နံနက်ပိုင်း)

၁:၁၅ ၂၂။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (စပိန်နှင့်ရုရှား)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သန်လျင်မြို့နယ်အတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သန်လျင်ဖန်ချက်စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြင်ဆင်မှုလုပ်ငန်းများကို ထုတ်လုပ်မှုလုပ်ငန်းများအား ထိခိုက်မှုမရှိစေဘဲ ကဏ္ဍတစ်ခုချင်းအလိုက် ပြုပြင်သွားရေး၊ လိုအပ်သော အပိုပစ္စည်းများ အမြန်ရရှိရန် စီမံဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံလုပ်ငန်းခွင်ရှိ သဲနှင့် ဆိုဒါ ရောစပ်၍ မီးဖိုဖြင့် ဆိုဒီယမ်လီမိဆီလီကိတ်များ၏ အရည်အသွေးနှင့် သိုလှောင်မှု အခြေအနေများကို စစ်ဆေးသည်။

ပုလင်းစက်ရုံသစ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် တစ်နေ့ တန် ၁၀၀ ကျ ပုလင်းစက်ရုံသစ် စီမံကိန်းသို့ ရောက်ရှိ၍ မြို့ပြဆိုင်ရာ ဆက်လက်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သဲဆေးစက်ဖြင့် သဲသန့်စင်မှု လုပ်ငန်းများကို လည်းကောင်း၊ မီးဖိုအမှတ်(၁)၏ ပြင်ဆင်မှု လုပ်ငန်းများကိုလည်းကောင်း၊ မီးဖိုအမှတ်(၂)၏ ပုလင်းထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး ပုလင်းများအား အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အထည်ချုပ်စက်ရုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် အထည်ချုပ်စက်ရုံ အမှတ်(၃)သို့ ရောက်ရှိပြီး ရက်ကန်းစက်များ တပ်ဆင်မည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း သန်လျင်အထည်ချုပ်စက်ရုံ(၁၈)သို့ ရောက်ရှိပြီး စက်ရုံလုပ်ငန်းခွင်ရှိ အထည်ချုပ်ခြင်းလုပ်ငန်းများ၊ အထည်ပုံစံညှပ်ခြင်းလုပ်ငန်းများ၊ ဇာခြင်ထောင်ချုပ်ခြင်းလုပ်ငန်းများနှင့် သက်န်းချုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သန်လျင်အထည်ချုပ်စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားသည်။

ဖိနပ်စက်ရုံ

ဝန်ကြီးသည် နံနက် ၁၀နာရီခွဲတွင် သန်လျင်ဖိနပ်စက်ရုံ အမှတ်(၂)သို့ ရောက်ရှိပြီး စက်ရုံထုတ် ဖိနပ်မျိုးစုံကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာကွန်ပေါင်းအမျိုးမျိုးကိုလည်းကောင်း၊ စက်ရုံထုတ် ရော်ဘာဆိုးလ်များနှင့် ဖိနပ်သဲကြိုး ထုတ်လုပ်မှုကိုလည်းကောင်း၊ ဖိနပ်အောက်ခံ ထုတ်လုပ်မှုနှင့် ကားမိုးကာ ထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက္ကူထုပ်ပိုး စက်ရုံသို့ ရောက်ရှိ၍ ကိုရီးယားသမ္မတနိုင်ငံ Amari Counter Trade Pte., Ltd မှ ကျွမ်းကျင်ပညာရှင်များက လှိုင်းတွန့်စက္ကူစက် Duble Wall Corrugator Line တပ်ဆင်နေမှု အခြေအနေများကို စစ်ဆေးပြီး ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မူလစက်ဟောင်းဖြင့် လှိုင်းတွန့်စက္ကူ ထုတ်လုပ်မှုအခြေအနေများကို စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေးရောင်ခြယ် ပုံနှိပ်စက် (4 Colour Printer Slotter) အသစ်တပ်ဆင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက နိုင်ငံခြားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ပုံနှိပ်မှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် စက်သစ်ကြီးဖြင့် ထုပ်ပိုးစက္ကူများအား ပုံနှိပ်ရိုက်နှိပ်နေမှုကို စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထုပ်ပိုးပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ပ ပညာရှင်များနှင့် အတူမိမိစက်ရုံမှ ပညာရှင်များပါ ပူးတွဲတပ်ဆင်သွားရေး၊ တစ်ဆင့်ပြီးတစ်ဆင့် ပညာများ ရယူသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့ ပလတ်စတစ် ထုပ်ပိုးပစ္စည်းစက်ရုံရှိ ပလတ်စတစ်ခွက်များ ထုတ်လုပ်မှု၊ပန်းကန်ပြားနှင့် ရေအိမ်သုံးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ရေတပ်သင်္ဘောကျင်းဌာနချုပ် သီလဝါသင်္ဘောကျင်းဌာနသို့ ရောက်ရှိပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့ တန် ၂၀၀ ကျ စက္ကူပျော့ဖက်စက်ရုံ (သာပေါင်း)အတွက် တန် ၄၃၀ ဆံ့ မီးထိုးဆီတင် စက်တပ်ရေယာဉ်လေးစင်း တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုရာ တာဝန်ရှိသူများက ပုံစံကားချပ်များဖြင့် ရေယာဉ်တည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက္ကူပျော့ဖတ်နှင့် ဆီတင်ရေယာဉ် တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုသည်။

(သတင်းစဉ်)



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သန်လျင်ဖန်ချက်စက်ရုံရှိ ပုလင်းထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆွေးနွေးပွဲတက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် နဝမအကြိမ် အာရှဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဆွေးနွေးပွဲ (9th Asia Oil and Gas Conference) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်ရီဂေး ဗွီ လာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဇွန် ၁၁ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Oleg V. Kabanov နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ခုနှစ် ဇွန်၁၂ရက်၌ ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၆) နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂိုအယ်လ်ဘတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အသားလှဆီများနှင့် ကိုယ်လိမ်းပေါင်ဒါ ဈေးကွက်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

လန်ဒန်အခြေစိုက် Emami International ၏ အသားလှဆီများနှင့် ကိုယ်လိမ်းပေါင်ဒါတို့ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးဈေးကွက်စတင်ဖွင့်လှစ် မိတ်ဆက်ပွဲကိုယမန်နေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Emami International မှ Country Manager, Mr. Prashant Goenka က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Emami ၏ ရည်ရွယ်ချက်၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်းလုံးသို့ Emami ၏ ကုန်ပစ္စည်းများ ဈေးကွက်ထိုးဖောက်အောင်မြင်မှု၊ မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ တင်သွင်းသည့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် အားသာချက်များ၊ ဆက်လက်တင်သွင်းမည့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် အားသာချက်စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ Mr. Prashant Goenka က ပြန်လည်ဖြေကြားပြီး တက်ရောက်လာကြသော ဧည့်သည်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ မိတ်ဆက်တင်ပြမှုတွင် Emami Naturally Fair အလှဆီ၊ Himani Gold Cream နှင့် Lotion အသားလှဆီတို့ဖြစ်ပြီး ကိုယ်လိမ်း ပေါင်ဒါမှာ Emami Golden Beauty ကိုယ်လိမ်းပေါင်ဒါတို့ဖြစ်သည်။ မကြာမီတွင် Emami မှ ရွှေနှင့် ဝတ်ဆံနနွင်းတို့၏ အကျိုးပြုမှုပေးမည့် အသားလှအရည်ခဲနှင့် ဆပ်ပြာတို့ကို ထပ်မံတင်သွင်း ဖြန့်ချိမည်ဟု သိရသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် နဝမအကြိမ် အာရှဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆွေးနွေးပွဲ (9th Asia Oil and Gas Conference) သို့ တက်ရောက်ရန် ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကွတ်ခိုင်–တာမိုးညဲ–မုံးစီးလမ်းပေါ်၌ သံလွင်တံတား(တာပါး) တည်ဆောက် တံတားပြီးစီးပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်

ရန်ကုန် ဇွန် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် လောက်ကိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၈ရက် နံနက်ပိုင်းတွင် လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး လောက်ကိုင်မြို့နယ်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ရှင်းလင်း

အစီအစဉ်အရ လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဇော်က လောက်ကိုင်ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ နယ်နိမိတ်၊ လူဦးရေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ လူမှုရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးပြီးစီး

လောက်ကိုင်ခရိုင်ရှိ ချင်းရွှေဟော်နှင့် ကုန်းကြမ်းမြို့နယ်များတွင် ၂၀၀၄–၂၀၀၅ခုနှစ် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ မိုးစပါး ၈၆၁၆ဧက၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၂၇၈၂ဧက၊ ပန်းဂျုံ ၁၃၅၄ဧက၊ အခြားနှံစား(လူး၊ဆတ်) ၅၈ဧက၊ ပဲပုပ် ၉၇၇ဧက၊ ပဲစင်းငုံ ဧက ၁၁၀၊ မြေပဲ ၇၇ဧက၊ သစ်ဆိမ့် ၆၀၆ဧက၊ ကြံ ၈၀၁၆ဧက၊ လက်ဖက် ဧက ၅၁၀၀၊ ငရုတ် ၃၁၇ဧကနှင့် အခြားစားသုံးသီးပင်များကို စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။

ပြည်သူ့ဆေးရုံဆောက်လုပ်ရေး

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မျိုးတင့်က ဆေးရုံ၏တည်နေရာ၊ အကျယ်အဝန်း၊ ဆောက်လုပ်မည့်ပုံစံ၊ အခန်းဖွဲ့စည်းမှုများ၊ ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွှန့်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တည်ဆောက်ဆဲ ဆေးရုံလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တွေ့ဆုံဆွေးနွေးမှာကြား

ယင်းနောက် လောက်ကိုင်မြို့နယ်ရှိ နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး လောက်ကိုင်တပ်နယ် အတွင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ မိမိခြံဝင်းအတွင်း ရာသီ သီးနှံနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့် တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး လေးရပ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့မှ ဆက်လက်ထွက်ခွာလာရာ ကွမ်းလုံမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ညနေ ၄နာရီတွင် တာမိုးညဲဒေသ တိုင်းရင်းသား ယဉ်ကျေးမှုခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တာမိုးညဲမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က တာမိုးညဲမြို့ တည်နေရာနှင့် အကျယ်အဝန်း၊ အိမ်ခြေနှင့်လူဦးရေ၊ ဌာနဆိုင်ရာများ ဖွဲ့စည်းမှု၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီးစံရွှေသာက မူဆယ်ခရိုင် တာမိုးညဲမြို့အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများဆိုင်ရာ အချက်အလက်များကို ရှင်းလင်း တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး လမ်းဖောက်လုပ်မှုအခြေအနေများကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ကွတ်ခိုင်မြို့နယ် လက်ထောက်အင်ဂျင်နီယာ ဒေါ်လှလှဌေးက ရှင်းလင်းတင်ပြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာပါးတံတား တည်ဆောက်ရေးစီမံကိန်း တံတားအထူးအဖွဲ့(၉)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေက တာပါးတံတား တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်ရေး ဆောင်ရွက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစီအမံများချမှတ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီးအမှာစကားပြောကြားရာ၌တွင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်နှင့် ဒေသ အသီးသီးတို့ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး လုပ်ငန်းစဉ်များကို စနစ်တကျ အစီအမံများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက် အကောင်အထည် ဖော်နေကြောင်း။

ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့နေပါမှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံနိုင်ကြပြီး တစ်သွေးတည်း တစ်သားတည်းသော တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း၊ သို့မှသာ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်း ထမ်းဆောင်သွားနိုင်ကြမှာ ဖြစ်ကြောင်း။

လမ်းများကို ရာသီမရွေး သွားလာနိုင်အောင် မြေသားလမ်း၊ ကျောက်ကြမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း အဆင့်ဆင့်စနစ်တကျ အစီအမံများချမှတ်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်အကောင် အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရေး အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ဆောင်ရွက် အကောင်အထည်ဖော်နေကြောင်း၊ ကျေးလက်ဒေသများ ဆက်သွယ်ရေးလမ်းများ ကောင်းမွန်မှသာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး၌ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေအနေအရပ်ရပ်နှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးမြောက်အောင် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက စေတနာထားပြီး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး အခမ်းအနားကို ညနေ ၅နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသခံပြည်သူများ စီးပွားဖြစ်ထုတ်လုပ်ရောင်းချမည့် ဂူးလုံလက်ဖက်၊ ပါယ်မောက်ကျန်လက်ဖက်၊ ရီဟွမ်လက်ဖက်နှင့် ဆီးဖြူသီးဝိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပေးအပ်သော လယ်ထွန်စက်ခြောက်စီးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တာမိုးညဲဒေသ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်၊ ကချင်ပြည်နယ် အထူးဒေသ(၂) အဖွဲ့ဥက္ကဋ္ဌ ဦးလွမ်းဒေါင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ယွန်တို့အား လွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် တာမိုးညဲဒေသ တိုင်းရင်းသား အဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မိမိတို့ဒေသခံပြည်သူများအနေဖြင့် မိုးသီးနှံဖြစ်သော ဆင်းရွှေလီအထွက်ကောင်းစပါး၊ ရတနာယာစပါး၊ ဘုံမွန်အစေ့ထုတ်ပြောင်း၊ ပဲပုပ်စသည်တို့ကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ဆောင်းသီးနှံဖြစ်သော စားတော်ပဲ၊ ပန်းဂျုံ၊ ဂျုံပဲကြီး၊နှမ်း၊ပန်းနှမ်းတို့ကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါကြောင်း၊ ၎င်းအပြင် ဘိန်းအစားထိုးသီးနှံအဖြစ် ဒေသနှင့်ကိုက်ညီသော ဂူးလုံလက်ဖက်ကို စိုက်ပျိုးလုပ်ကိုင်သွားမည်ဟု တင်ပြအပ်ပါကြောင်း၊ စိုက်ပျိုးနည်းပညာများကိုလည်း လက်တွေ့ကျကျ သင်ယူတတ်မြောက်အောင် ဒေသနေလူငယ်များအား လေ့လာသင်ယူစေပြီးဖြစ်ပါကြောင်း၊ ယခုလို ဆောင်ရွက်နေခြင်းများကြောင့် မိမိတို့ဒေသနေ ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြောကြားသွားသည်။

တာမိုးညဲဒေသအတွင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက အရှည် ၄၅မိုင် အကျယ် ၁၂ပေရှိ ကွတ်ခိုင်–တာမိုးညဲ–မုံးစီးလမ်းကို ၁၉မိုင် ကတ္တရာခင်းပြီး ဖြစ်ပြီး ၂၆မိုင်အထိ ကျောက်ခင်းထားပြီး ဖြစ်သည်။ ထို့ပြင် အရှည် ၂၈မိုင်ရှိ တာမိုးညဲ–ပန်ဖတ်လမ်းကို ၁၂မိုင် ကျောက်ခင်းပြီး ဖြစ်သည်။ ထို့ပြင် အရှည် ၂၁မိုင်ရှိ မုံးစီး–တာပါးလမ်းကို မြေသားလမ်းအဖြစ် ဖောက်လုပ်ထားပြီးဖြစ်သည်။

သံလွင်တံတား(တာပါး)

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကွတ်ခိုင်–တာမိုးညဲ–မုံးစီးလမ်း မိုင်တိုင်အမှတ်(၆၆)၌ သံလွင်တံတား (တာပါး) တည်ဆောက်ရေး စီမံကိန်းကိုလည်း ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁ရက်မှ စတင်တည်ဆောက်လျက်ရှိရာ မုံးစီးဘက်ကမ်းနှင့် တာရွှေထန်ဘက်ကမ်းတို့၌ တာဝါတိုင် အုတ်မြစ်နှစ်ခုကို ၁၀၀ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်သည်။ ကြိုးထိန်းတုံး တည်ဆောက်ရန် အုတ်မြစ်မြေတူးခြင်းမှာလည်း မုံးစီးဘက်ကမ်း၌ ၁၀၀ရာခိုင်နှုန်း၊ တာရွှေထန် ဘက်ကမ်း၌ ၅၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ သံလွင်တံတားမှာ 4 Pile Foundation ဖြစ်ပြီး သံမဏိသံပေါင်ကြိုးတံတား (တစ်လမ်းသွား)၊ သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ်မှာ ၁၆ပေ လေးလက်မဖြစ်သည်။

ယင်းတံတား တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်သွက်လက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မူဆယ်ခရိုင် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



ပညာသင်စရိတ် လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေများလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး စေတနာရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပညာသင်စရိတ် လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ အကြံပေး ပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ ပါမောက္ခ ဒေါက်တာရဲမြ၊ ဒေါက်တာ ဒေါ်ကကသရင်းဘသိုက် မိသားစုကငွေကျပ် ၉၁၀၀၀၊ ပညာရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၂၇ဦးတို့က ငွေကျပ် ၁၃၁၀၀၀၀၊ အမျိုးသမီး ငယ်/ရွယ် လုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၁၆ဦးတို့က ငွေကျပ် ၁၂၂၀၀၀၀၊ ဘဏ္ဍာရေးနှင့်စီမံရေးရာ လုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၁၀ဦးတို့က ငွေကျပ် ၁၀၂၀၀၇၀၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့နှင့် အလှူရှင်၁၄ဦးတို့က ငွေကျပ် ၄၀၀၀၀၀၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့နှင့်အလှူရှင် ၁၀ဦးတို့က ငွေကျပ် ၅၅၀၀၀၀၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၂၄ဦးတို့က ငွေကျပ် ၃၀၀၀၀၀၊ ပြန်ကြားရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၂၁ဦးတို့က ငွေကျပ် ၄၉၀၀၀၀၊ ဥပဒေရေးရာ လေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် လေးဦးတို့က ငွေကျပ် ၃၈၀၀၀၀၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် သုံးဦးတို့က ငွေကျပ် ၂၀၀၀၀၀၊ စည်းရုံးရေးအဖွဲ့နှင့် အလှူရှင် ၁၃ဦးတို့က ငွေကျပ် ၁၈၀၀၀၀၊ ကျန်းမာရေးအဖွဲ့နှင့် အလှူရှင် ၁၇ဦးတို့က ငွေကျပ် ၁၂၀၀၀၀၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၀၊ စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင်နှစ်ဦးတို့က ငွေကျပ် ၈၀၀၀၀၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့က ငွေကျပ် ၃၀၀၀၀ စုစုပေါင်း လုပ်ငန်းအဖွဲ့များနှင့် အလှူရှင် ၁၆၂ဦးတို့၏ လှူဒါန်းငွေကျပ် ၆၅၂၀၇၀ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေဆိုးသန့်စင်စက်ရုံစီမံကိန်းစစ်ဆေး

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် စီမံကိန်းရှင်းလင်းဆောင်ရွက်ကျင်းပသော ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းကော်မတီဝင်များ၊ အကြံပေးပညာရှင်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည့် စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှု၊ လျှပ်စစ်ဓာတ်အားဆက်သွယ်မှုနှင့် ဓာတုဗေဒပစ္စည်းများ မှာယူမည့်အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး သတ်မှတ်အရည်အသွေးစံချိန်စံညွှန်း ပြည့်မီအောင်စနစ်တကျ ဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် အင်ဂျင်နီယာဌာန လမ်းနှင့်တံတားဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော် အဆင့်မြင့်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လမ်းမတော်မြို့နယ် လှည်းတန်းလမ်းနှင့် ၉လမ်းအကြား ကမ်းနားလမ်းအပိုင်း ခြောက်လမ်းသွား နိုင်လွန်ကတ္တရာခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲယာ လူသွားစင်္ကြံများကို Inter Lockများစနစ်တကျ ခင်းကျင်းနေမှုကိုလည်းကောင်း၊ အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းဆုံ စံပြရပ်ရှင်ရုံရှေ့၌ လူသွားစင်္ကြံများ ပြန်လည်ခင်းကျင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုကို လည်းကောင်း၊ လသာမြို့နယ်ကမ်းနားလမ်းနှင့် လသာလမ်းဆုံတွင် လူသွားစင်္ကြံများပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံတွင် လူသွားစင်္ကြံများ ပြုပြင်နေမှု၊ ရေစီးရေလာကောင်းမွန်ရေးအတွက်ရေနုတ်မြောင်းများတူးဖော်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စနစ်တကျဖြင့် စေတနာထားကာ လုပ်ဆောင်ကြရေးမှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကန်တော်ကြီးဥယျာဉ်အဆင့်မြင့်ရေး ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

မညာတမ်း မညှာတမ်းရင်ဆိုင်ယှဉ်ပြိုင်ကြမည့် ဂျပန်–မြန်မာရိုးရာလက်ဝှေ့ပွဲအတွက် လက်ရည်စစ်လူရွေးချယ်ပွဲ

သတင်းဆောင်းပါး – သိန်းလှိုင်မင်း

ရန်ကုန် ဇွန် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့၏ ကြီးကြပ်မှုဖြင့်တီအင်တီအုပ်စုက ဂျပန်–မြန်မာရိုးရာလက်ဝှေ့ပွဲကို ဇူလိုင် ၁၀ရက်နှင့် ၁၁ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ အားကစားသမားများကို အားကစားနှင့် ကာယပညာဦးစီးဌာန၏ အစီအစဉ်ဖြင့် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးအားကစားကွင်းတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့လာရောက်ပြီး မြန်မာ့လက်ဝှေ့ကျော်များနှင့်ထိုးမည့် ဂျပန်လက်ဝှေ့ကျော်များမှာမူလက လေးယောက်ဖြစ်သော်လည်း တစ်ယောက်မှာ လေ့ကျင့်ရင်းအနာတရဖြစ်၍ သုံးယောက်သာလာရောက်နိုင်တော့မည် ဖြစ်ကြောင်း၊ မစ်ဒယ်ဝိတ်တန်းတစ်ယောက်၊ ဝယ်လ်တာဝိတ်တန်းတစ်ယောက်နှင့် လိုက်ဝယ်လ်တာဝိတ်တန်း တစ်ယောက်တို့ဖြင့် မြန်မာပြည်သို့လာရောက်၍ မြန်မာ့ရိုးရာ လက်ဝှေ့ပညာရှင်များနှင့် ရင်ဆိုင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ကြောင်းသိရသည်။ မစ်ဒယ်ဝိတ်တန်းတွင် မြန်မာ့လက်ဝှေ့ကျော်သုံးဦးရှိရာ ၎င်းတို့မှာ ဝမ်ချိုင်း၊ ရွှေဆိုင်းနှင့် စောငမန်းတို့ဖြစ်သည်။ ၎င်းတို့သုံးဦးထဲမှ တစ်ဦးသာဂျပန်နှင့် ထိုးရမည်ဖြစ်ရာ ဝမ်ချိုင်းသို့မဟုတ် ရွှေဆိုင်း တစ်ယောက်ယောက်ဖြစ်လာမည်ဖြစ်ရာ အဖြေကိုလူစစ်ပွဲလုပ်မည့် ဇွန် ၁၂ရက်နှင့် ၁၃ရက်တို့မှာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။ စောငမန်းမှာမူ အရန်ရွေးချယ်မှုထဲတွင် ပါနိုင်တော့မည် မဟုတ်ပေ။

ဝယ်လ်တာဝိတ်တန်းအတွက် အေးဗိုစိန်(လယ်/ဆည်)နှင့် စောစိုးစံ(တောင်ငူ)တို့နှစ်ဦးကိုယှဉ်ခိုင်းပြီး နိုင်သည့်လူက ဝိတ်တန်းတူဂျပန်နှင့်ထိုးရမည်ဖြစ်သည်။

လိုက်ဝယ်တာဝိတ်တန်းတွင် နိုင်းဝမ်းလေး(မြို့တော်စည်ပင်)နှင့် စောဇော်လွင်(KLN)၊ ဖယ်သာဝိတ်တန်းပါလာခဲ့လျှင်မူ ဝင်းထွန်း(သစ်တော)နှင့် ကျော်ဆန်း(KLN) တို့ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်သည်။

ဤပွဲများ၌ သရေကျခဲ့လျှင် ရွေးချယ်ရေးကော်မတီက အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ရေးအဖွဲ့မှာ ရိုးရာအားကစားအဖွဲ့ချုပ်မှ လေးဦး၊ အား/ကာမှ သုံးဦး၊ ဆရာဝန်နှစ်ဦးနှင့် ဖွဲ့စည်းထားကြောင်းသိရသည်။

လက်ရည်စစ်လူရွေးပွဲများကို သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ကျင်းပမည်ဖြစ်ရာ ဝယ်လ်တာဝိတ်တန်းနှင့် ဖယ်သာဝိတ်တန်းကို ဇွန် ၁၂ရက်(ယနေ့)တွင်လည်းကောင်း၊ မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဝယ်လ်တာဝိတ်တန်းကို ဇွန် ၁၃ရက်တွင်လည်းကောင်း ကျင်းပမည်ဟုသိရသည်။

လက်ရည်စစ်လူရွေးပွဲတွင် အနိုင်ရမှသာ ဂျပန်လက်ဝှေ့သမားနှင့် ယှဉ်ပြိုင်ထိုးရမည်ဖြစ်ရာ အထူးကြည့်ကောင်းမည့်ပွဲများဖြစ်မည်ဟု မျှော်လင့်ရပေသည်။ နိုင်သူက နိုင်ငံတကာပွဲထိုးသတ်ရမည်ဖြစ်၍ လူရွေးပွဲတွင် မညာတမ်း၊ မညှာတမ်းယှဉ်ပြိုင်ကြလိမ့်မည်ဟု ယူဆရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မစ်ဒယ်ဝိတ်တန်းတွင် ယှဉ်ပြိုင်မည့်မြန်မာ့ရိုးရာလက်ဝှေ့ကျော် ဝမ်ချိုင်း။

မစ်ဒယ်ဝိတ်တန်းတွင် ယှဉ်ပြိုင်မည့် လက်ရှိမြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံ ရွှေဆိုင်း။

ကမ္ဘာ့သွေးလှူရှင်များနေ့

(၁၄–၆–၂၀၀၄)

World Blood Donor Day

(14-6-2004)

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ

Blood, a gift for life. Thank you

ကျန်းမာရေးဝန်ကြီးဌာန။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၆–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် –Tenses** (အင်္ဂလိပ်စာ–အထူးပြုအားလုံး)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၄)**
၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ဒို့အောင်ပွဲတေးသရုပ်ဖော်
၂၃။ **မြဝတီအငြိမ့်ဖျော်ဖြေခန်း**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

❍ ကွာတားဖိုင်နယ်မှ

သို့ဖြစ်၍ ဘောလုံးဝါသနာရှင် ပရိသတ်များသည် ဘယ်အသင်းတွေ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်။ ထိုမှဘယ်အသင်းတွေ ဆီမီးဖိုင်နယ်သို့ တက်သွားနိုင်မည်။ ဗိုလ်လုပွဲတွင် ဘယ်အသင်းတွေ ဆုံကြမည်ဆိုသည်ကို အမျိုးမျိုး ခန့်မှန်းပြောဆိုနေကြသည်။ ကြေးမုံဘောလုံး ဝိုင်းတော်သားများ ကလည်း ကွာတားဖိုင်နယ်သို့ တက်ရောက်လာနိုင်ဖွယ်ရှိသော အသင်းများကို ခမ္မခိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ကြည့်မိသည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်လာသော အသင်း ၁၆သင်း၏ ဘောလုံးအဆင့်အတန်း၊ သမိုင်းအစဉ်အလာနှင့် လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ပြီး အဆင့်သုံးဆင့် ခွဲထုတ်ကြည့်မိသည်။ ပထမဦးစားပေး အဆင့်တွင် ဂျာမနီ၊ ပြင်သစ်၊အီတလီ၊စပိန်နှင့် အိမ်ရှင် ပေါ်တူဂီတို့ဖြစ်ကြသည်။ ပေါ်တူဂီအသင်းအား ဒုတိယဦးစားပေးအဆင့်တွင်သာ သတ်မှတ်ထားသော်လည်း အိမ်ရှင်ဟူသော အရှိန်အဝါတစ်ခုကြောင့် ပထမဦးစားပေးအဆင့်သို့ ထည့်သွင်း လိုက်ခြင်းဖြစ်သည်။

ဒုတိယဦးစားပေးအဆင့်မှာ အင်္ဂလန်၊ ခရိအေးရှား၊ ဒိန်းမတ်၊ ချက်၊ ဟော်လန်တို့ဖြစ်သည်။ တတိယ ဦးစားပေးအဆင့်တွင် ဘူဂေးရီးယား၊ ဆွစ်ဇာလန်၊ ဂရိ၊ ရုရှား၊ လတ်ဗီးယား၊ ဆွီဒင်တို့ဖြစ်သည်။ သတ်မှတ်ထားသော အဆင့် များသည် တတိယအဆင့်မှ ဒုတိယအဆင့်သို့ လည်းကောင်း၊ ဒုတိယအဆင့်မှ တတိယအဆင့်သို့လည်းကောင်း တစ်ဆင့်ချင်း အဆင့်ပြောင်းသွားနိုင်သည်။ ခုန်ပျံကျော်လွှား၍ ပြောင်းသွားရန်မလွယ်ကူပေ။ ရှိကောင်းရှိမည်ဖြစ်သော်လည်း ဖြစ်ခဲပေလိမ့်မည်။

တစ်ဖန် ဒုတိယအဆင့်အနေဖြင့် အုပ်စုဖွဲ့စည်းထားပုံကို ဆက်လက် လေ့လာကြည့်မိသည်။ (က)အုပ်စုတွင် ပေါ်တူဂီ(အိမ်ရှင်)၊ ဂရိ၊ ရုရှား၊ စပိန် တို့ဖြစ်သည်။ (ခ)အုပ်စုတွင် ခရိအေးရှား၊ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်တို့ ဖြစ်သည်။ (ဂ)အုပ်စုတွင် ဘူဂေးရီးယား၊ ဒိန်းမတ်၊ အီတလီ၊ ဆွီဒင်တို့ဖြစ်သည်။ (ဃ)အုပ်စုတွင် ချက်၊ ဂျာမနီ၊ လတ်ဗီးယား၊ နယ်သာလန်(ဝါ)ဟော်လန်တို့ ဖြစ်သည်။

အုပ်စုဖွဲ့ထားပုံကို လေ့လာကြည့်လျှင် (ခ)၊ (ဂ)၊ (ဃ) အုပ်စုများသည် ကွာတားဖိုင်နယ်တက်ရေးအတွက် ကျပ်ကျပ်တည်းတည်း ကစားရမည့် သဘော ရှိသည်။ တစ်ဖန် ကွာတားဖိုင်နယ်အဆင့်တွင် သက်သောင့်သက်သာ ကစား နိုင်ရန် အသင်းတိုင်းသည် အုပ်စုပထမရအောင် ကစားရမည်။ အုပ်စုပထမ မရပါက ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။

အုပ်စု(က)တွင် စပိန်နှင့်ပေါ်တူဂီတို့ ကွာတားဖိုင်နယ်သို့ တက်လာဖွယ် ရှိသည်။ ပေါ်တူဂီသည် အိမ်ရှင်အဖြစ်ကြောင့် အုပ်စုမှကျွတ်သွားရန် များစွာ အခွင့်အရေးသာလျက်ရှိသည်။ ဤသို့ဆိုလျှင် အုပ်စုပထမရရေးအတွက် စဉ်းစား ရာတွင် စပိန်က ပေါ်တူဂီထက်ပို၍ အခွင့်အရေးရှိသည်။ ပွဲဦးတွင် စပိန်က နောက်မှကစားရမည်ဖြစ်သောကြောင့် ပေါ်တူဂီအနေအထားကိုကြည့်၍ ကစား နိုင်သည်။ ထို့အပြင် စပိန်နှင့်ပေါ်တူဂီပွဲမှာ နောက်ဆုံးတွင် ကစားရမည်။ တစ်ဖက်အုပ်စုမှ ပထမကို စပိန်ရှောင်ကစားနိုင်သည်။

အုပ်စု(ခ)တွင် ပြင်သစ်နှင့်အင်္ဂလန်တို့ ကွာတားဖိုင်နယ်သို့ တက်လာနိုင် ဖွယ်ရှိသည်။ ခရိအေးရှားကို အုပ်စုဒုတိယပေးလိုသော်လည်း ယခင်က ခြေမျိုး မဟုတ်တော့ချေ။ အင်္ဂလန်၏ကစားပုံသည် ယခုအခါ တိုးတက်ကောင်းမွန် လာသည်။ ကမ္ဘာ့ဖလားနှင့် နောက်ဆုံးခြေစစ်ပွဲများကို လေ့လာကြည့်သည့်အခါ အင်္ဂလန်သည်သာ ဒုတိယနေရာကို ရနိုင်ဖွယ်ရှိသည်။ သို့သော် အင်္ဂလန်သည် ပထမနေရာလည်း ရောက်နိုင်သည်။ အင်္ဂလန်နှင့် ပြင်သစ်ပွဲသည် ဆွစ်ဇာလန်နှင့် ခရိအေးရှားတို့ပွဲ၏ နောက်မှကစားရခြင်းနှင့် နောက်ဆုံးပွဲစဉ်ကို ပြင်သစ်ထက် စော၍ ကစားရခြင်းတို့ကြောင့်ဖြစ်သည်။ ပြင်သစ်သည် အုပ်စု(က)မှ ကစားရ ချောင်သောအသင်းကို ရွေးချယ်ကစားဖွယ်ရှိသည်။ အရွေးမှားလျှင် ကွာတားတွင် အိမ်ပြန်ရဖွယ်ရှိပေသည်။ ထို့ကြောင့် အုပ်စု(ခ)သည် အတိမ်းအစောင်းမခံသော အုပ်စုဖြစ်လေသည်။ အုပ်စု(ဂ)တွင် အီတလီ၊ ဒိန်းမတ်၊ ဘူဂေးရီးယားတို့ ကွာတားသို့ တက်လာနိုင်ဖွယ်ရှိသည်။ အီတလီသည် အုပ်စုတွင် ပထမရအောင် ကစားလိမ့်မည်ဖြစ်သည်။ သူသည် အုပ်စု(ဃ)မှ ပထမနှင့် တက်လာဖွယ်ရှိသော ဂျာမနီကို ရှောင်လိမ့်မည်ဖြစ်သည်။ အီတလီနှင့် ဒိန်းမတ်ပွဲသည် ပွဲဦးထွက်ပွဲ ဖြစ်နေသည်။ ဘူဂေးရီးယားက ဒုတိယပွဲစဉ် ဖြစ်နေသောကြောင့် ရှေ့ပွဲကိုကြည့်၍ ဆွီဒင်ကို အနိုင်ရအောင်ကစားပြီးမှ ကစားရမည်ဖြစ်သည်။ ထို့ကြောင့် အုပ်စု ဒုတိယကို ဒိန်းမတ်နှင့် ဘူဂေးရီးယားတို့ လုကြမည်။ ဘူဂေးရီးယားက ဒိန်းမတ်ထက် ကွာတားတက်ရန် ပို၍နီးစပ်သည်။

(ဃ)အုပ်စုမှာ ဂျာမနီ၊ ချက်၊ နယ်သာလန် (ဝါ) ဟော်လန်တို့ ကွာတားတက်နိုင်သည်။ ဤအုပ်စုမှာ ဂျာမနီ အုပ်စုပထမ ရသွားနိုင်သည်။ သို့မှသာ ဂျာမနီသည် အုပ်စု(ဂ)မှ အီတလီကို ရှောင်၍ရမည်ဖြစ်သည်။ ဟော်လန်သာ ဂျာမနီလောက် စိတ်ဓာတ်ကောင်းမည်ဆိုလျှင် အုပ်စုပထမ ရဖွယ်ရှိသည်။ သို့သော် ချက်သည် ဂျာမနီနှင့်ဟော်လန်တို့ကို ခြိမ်းခြောက် မည့် အသင်းတစ်သင်းဖြစ်သည်ကို သတိထားရမည်ဖြစ်သည်။ ဂျာမနီနှင့် ဟော်လန် ကံကောင်းသည်မှာ အချိန်နောက်ကျ၍ ကစားရခြင်းဖြစ်သည်။ ထို့အပြင် ဟော်လန်သည် ချက်ထက် အခွင့်သာသောအချက်မှာ လတ်ဗီးယား နှင့် နောက်ဆုံးကစားရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ (ဃ)အုပ်စုတွင် ဂျာမနီ၊ ဟော်လန်၊ ချက်အသင်းတို့ ကွာတားဖိုင်နယ်သို့ တက်လာနိုင် လေသည်။

ယူရို-၂၀၀၄ ပွဲဦးထွက် ပွဲနှစ်ပွဲ ပေါ်တူဂီနှင့် စပိန် အလားအလာကောင်းနိုင်

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ဘောလုံးပြိုင်ပွဲတစ်ခုဖြစ်သော ဥရောပ ချန်ပီယံဖလားပြိုင်ပွဲကြီး ယနေ့ စတင်ကျင်းပတော့မည်။ ဥရောပ ချန်ပီယံ ဖလားပြိုင်ပွဲ(ဝါ)ယူရိုပြိုင်ပွဲကို ကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် (၁၂)ကြိမ် မြောက်ရှိပြီဖြစ်သည်။ ယူရိုဘောလုံးပြိုင်ပွဲ ကျင်းပရာ (၁၂)ကြိမ်ကာလအတွင်း ဂျာမနီ သုံးကြိမ်၊ ပြင်သစ် နှစ်ကြိမ်၊ စပိန်၊ အီတလီ၊ ဟော်လန်၊ ဒိန်းမတ်၊ ချက်၊ ဆိုဗီယက်ပြည်ထောင်စုတို့က တစ်ကြိမ်စီ ရရှိခဲ့ဖူးကြသည်။

၂၀၀၄ ခုနှစ် ယူရိုပြိုင်ပွဲအပေါ် မြန်မာ့ဘောလုံးပရိတ်သတ်များ တစ်စတစ်စ စိတ်ဝင်စားလာကြသည်။ ထို့ကြောင့် မြန်မာဘောလုံးပရိသတ်များအတွက် ပွဲကြိုသုံးသပ်ချက်များကို တင်ပြပေးသွားမည်ဖြစ်သည်။ ၂၀၀၄-ယူရိုပြိုင်ပွဲ အဖွင့်ပွဲအဖြစ် အုပ်စု(က)မှ ပေါ်တူဂီနှင့် ဂရိ၊ စပိန်နှင့် ရုရှားတို့ ယှဉ်ပြိုင် ကစားကြမည်။

ဇွန် ၁၂ ရက် (စနေနေ့)
ည ၁၀း၃၀ နာရီ

ပေါ်တူဂီ-ဂရိ

ပေါ်တူဂီသည် ယူရိုဘောလုံးပြိုင်ပွဲတွင် တစ်ကြိမ်တစ်ခါမှ ချန်ပီယံ ဖြစ်ခဲ့ဖူးခြင်းမရှိသော အသင်းဖြစ်သည်။ သို့သော် ရွှေရောင်မျိုးဆက်သစ်ဟု လူသိများသော ကော်တို၊ ရူအီကော်စတာ၊ ဖီဂို၊ ပင်တိုတို့ကြောင့် ပေါ်တူဂီ အသင်းသည် ရေပန်းစားသော အသင်းများကြားတွင် ပါဝင်လျက်ရှိသည်။ ထို့အပြင် အိမ်ရှင်ဟူသော ဂုဏ်ပုဒ်ကြောင့်လည်း တစ်နည်းတစ်လမ်း နာမည်ကြီး ရပြန်သည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းမှစပြီး ပေါ်တူဂီ၏ ဘောလုံးဖြစ်ပေါ်တိုးတက်မှု သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ကမ္ဘာ့ဘောလုံးသုတေသီများနှင့် ကျွမ်းကျင် သူများက ပေါ်တူဂီဘောလုံးလောကကို အာရုံစိုက်လာကြသည်။ ထို့အပြင် ကမ္ဘာ့ဘောလုံးပရိသတ်များသည်လည်း စိတ်ဝင်စားလာကြသည်။

ဂရိသည် ပေါ်တူဂီလောက် ကမ္ဘာ့ဘောလုံးပရိသတ်များ စိတ်ဝင်စားမှု မခံရသော အသင်းဖြစ်သည်။ ဂရိဘောလုံးလောကအကြောင်းကိုလည်း ပေါ်တူဂီ ဘောလုံးလောကလောက် မသိကြချေ။ သို့သော် နာမည်ကြီး ဂရိဘောလုံးသမား အချို့သည် ဥရောပဘောလုံးလောကတွင် သွက်လက်စွာ လှုပ်ရှားကစားနေ ကြသည်။ အချို့မှာ နာမည်ကြီးကလပ်အသင်းများတွင် ကစားလျက်ရှိသည်။ ဥပမာပြရလျှင် ဒဲလက်စ်(ရိုးမား)၊ ဂီယန်နာကို ပိုလတ်စ် (ဘော်လ်တန်)၊ ဂူးနက်စ် (အင်တာမီလန်)၊ ဟာရစ်စတေ့စ်(ဝါဒါဘရီမင်) စသည်တို့ဖြစ်သည်။ သို့သော် ဂရိဘောလုံးသမားများသည် ကမ္ဘာကျော်ဘောလုံးသမားအဖြစ် နာမည် မထွက်ခဲ့ချေ။ မည်သို့ပင်ဖြစ်စေ ဂရိသည် ခြေစစ်ပွဲကို အုပ်စုပထမဖြင့် တက်လာသောအသင်းဖြစ်သည်။

ဂရိကစားခဲ့သော အုပ်စုတွင် နာမည်ကြီး စပိန်၊ ယူကရိန်း၊ မြောက်အိုင်ယာ လန်၊ အာမေးနီးယားတို့ ပါဝင်ကြသည်။ ဂရိသည် ပထမအကျော့ စပိန်နှင့် ကစားရာတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ ဒုတိယအကျော့တွင် တစ်ဂိုး- ဂိုးမရှိဖြင့် ပြန်နိုင်သည်။ ဂရိသည် ခြေစစ်ပွဲတစ်လျှောက် နှစ်ပွဲသာ ရှုံးခဲ့သည်။ သရေပွဲ လုံးဝမရှိ။

ဂရိ၏ ခြေစစ်ပွဲကစားပုံများကို လေ့လာကြည့်ရာတွင် ခံစစ်၊ တိုက်စစ်ဖွင့် ကစားတတ်ကြောင်း တွေ့ရသည်။ နောက်တစ်ချက်မှာ ပြိုင်ဘက်အသင်း၏ အနေအထားကိုကြည့်ပြီး ကစားကွက်အပြောင်းအလဲ လုပ်ကစားနိုင်ခြင်းဖြစ်သည်။ ဤအချက်သည် ဂရိ၏ ထူးခြားသော စွမ်းရည်တစ်ရပ်ဖြစ်သည်။ သို့သော် လက်ရှိ ဂရိအသင်း တည်ဆောက်ကစားမည့်စနစ်သည် ပေါ်တူဂီအသင်း တည်ဆောက်ကစားမည့်စနစ်ကို ယှဉ်နိုင်ပါ့မလားဟု သံသယဖြစ်ဖွယ်ရှိသည်။ နှစ်သင်းစလုံးသည် ခံစစ်ကို အဓိကဦးစားပေးတည်ဆောက်ထားသည်။ ပေါ်တူဂီ၏ ခံစစ်သည် ဂရိထက် ပို၍လုံခြုံမှုရှိသည်။ ခံစစ်လုံခြုံခြင်းသည် ခံစစ်အား ကောင်းပုံနှင့်မတူသည်ကို စာဖတ်သူများ သဘောပေါက်မည်ဖြစ်သည်။ ဂရိ၏ ခံစစ်တောင့်တင်းမှုက ပေါ်တူဂီထက် ပိုမိုသာလွန်သည်။

ခံစစ်၏ ဖွဲ့စည်းတည်ဆောက်ထားပုံမှ တိုက်စစ်ကို ကူးပြောင်းရာတွင် ပေါ်တူဂီက ကောင်းသည်။ ပေါ်တူဂီ၏ ကွင်းလယ်က မွေနှောက်ကစားနိုင်သည်။ တိုက်စစ်တွင်လည်း စိတ်ချရသော တိုက်စစ်မှူးများရှိသည်။ ပေါ်တူဂီ ထည့်သွင်း စိတ်ဝင်စားရမည့်အချက်မှာ ဂရိသည် လူငယ်အားတောင့်သည်။ ဝါရင့် ပေါ်တူဂီ ကစားသမားကြီးများ မည်မျှလှည့်စားနိုင်မည်နည်း။ သက်သောင့်သက်သာဖြင့် ဂရိကိုနိုင်ဖို့ ခက်သည်။ မည်သို့ပင်ဖြစ်စေ ပေါ်တူဂီမှာ အိမ်ရှင်ဆိုသော အားသာချက်သည် မကစားခင်ကတည်းက နှစ်ဆယ်ရာခိုင်နှုန်း ရှိနှင့်လေပြီ။ ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်နိုင်သည်။ ပေါ်တူဂီ အနိုင်ရနိုင်သောပွဲဖြစ်သည်။ အနည်းဆုံး သရေလောက်သာဖြစ်နိုင်သည်။

ဇွန် ၁၃ ရက် (တနင်္ဂနွေနေ့)
နံနက် ၁း၁၅ နာရီ

စပိန်-ရုရှား

ဥရောပချန်ပီယံဖလား စတင်ချိန်၌ ရုရှားသည် ပထမဦးဆုံး ဗိုလ်စွဲခဲ့သော အသင်းဖြစ်သည်။ ၁၉၈၀ပြည့်နှစ်အထိ ရုရှားအသင်း စဉ်ဆက်မပြတ် ပါဝင် ကစားခွင့်ရခဲ့သည်။ နောက်ပိုင်းတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေခဲ့သည်။ ၂၀၀၄ ခုနှစ် ယူရိုပွဲတွင် တစ်ဖန်ပြန်ပေါ်လာသည်။ ရုရှားသည် ဥရောပတွင် နာမည် အထိုက်အလျောက်ရှိသော အသင်းတစ်သင်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စု အဖြစ် တည်ရှိစဉ်က ဥရောပ၏ နာမည်ကြီးအသင်းများက တလေးတစားဖြင့် အလေးထား ကစားရသောအသင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရုရှားသည် ဘောလုံးအစဉ်အလာရှိသော အသင်းဖြစ်သည်။

ခြေစစ်ပွဲတွင် ရုရှားသည် ဆွစ်ဇာလန်၊ အိုင်ယာလန်၊ အယ်ဘေးနီးယား၊ ဂျော်ဂျီယာ စသည့်အသင်းများနှင့် ကစားခဲ့ရသည်။ အုပ်စုတွင် ဒုတိယသာ ရရှိခဲ့သည်။ သို့သော် ရုရှားသည် အဆုံးအဖြတ် ခြေစစ်ပွဲတစ်ပွဲ ဝေလအသင်းနှင့် ကစားခဲ့ရသည်။ ပထမအကျော့ ဂိုးမရှိ သရေကျသည်။ ဒုတိယအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ဤသို့ဖြင့် ရုရှားသည် ခြေစစ်ပွဲ အောင်လာခြင်း ဖြစ်သည်။

စပိန်မှာ ပြိုင်ပွဲတွင် ရေပန်းစားနေသော်လည်း ထပ်ဆင့်ခြေစစ်ပွဲကစားပြီးမှ နောက်ဆုံးအဆင့်သို့ တက်ရောက်လာနိုင်သော အသင်းဖြစ်သည်။ အုပ်စုပြိုင်ပွဲတွင် စပိန်သည် ဒုတိယသာရရှိခဲ့သည်။ အုပ်စုပြိုင်ပွဲတွင် စပိန်သည် ယူကရိန်းကို ပထမအကျော့၌ နှစ်ဂိုးစီ သရေကျသည်။ မြောက်အိုင်ယာလန်ကို ဒုတိယ အကျော့၌ ဂိုးမရှိ သရေကျသည်။ အုပ်စုပွဲကစားပုံကိုကြည့်လျှင် အားရဖွယ်မရှိ ကြောင်း တွေ့ရသည်။ သို့သော် လူအနေအထားမှာ အားရဖွယ်ကောင်းသည်။ အရွယ်ကောင်းကစားသမားများနှင့် ဝါရင့်ကစားသမားများကို ရောစပ်ဖွဲ့စည်း ထားသည်။ ထို့ကြောင့် စပိန်အသင်းအနေဖြင့် ရုရှားကဲ့သို့သော အသင်းမျိုးကို အနိုင်ရအောင် ကစားနိုင်လေသည်။

စပိန်အသင်းနှင့် ရုရှားအသင်းတို့သည် ပုံစံတစ်မျိုးတည်းဖြင့် လှုပ်ရှားကစား တတ်ကြသည်။ စပိန်က ၄-၂-၃-၁ ပုံစံကျ ကစားမည်ဖြစ်သကဲ့သို့ ရုရှားကလည်း ၄-၄-၂-၁ ကစားမည်ဖြစ်သည်။ ပြိုင်ဘက်ကစားဟန်များပေါ် မူတည်ပြီး မိမိကစားကွက်ကို ပြောင်းလဲကစားကြမည့် အသင်းများမဟုတ်ချေ။ စနစ်ပေါ် တွင်သာ ကစားသမားများကို ပြောင်းလဲကစားသွားဖွယ် ရှိလေသည်။

သို့ဖြစ်၍ ကစားသမားဖွဲ့စည်းမှုတွင် စပိန်သည် ရုရှားထက်ပို၍ ကောင်းသည်။ ရုရှားကစားသမားများသည် အသက်ငယ်ရွယ်သူများသော်လည်း အတွေ့အကြုံတွင် လိုအပ်နေသည်။ ထို့အပြင် ရုရှားအသင်းမှာ ပါဝင်ကစားကြမည့် အမာခံများသည်လည်း ဒဏ်ရာအနာတရဖြစ်နေကြသည်။ သို့ဖြစ်၍ ရုရှားသည် အသင်းစုစည်းညီညွတ်မှုအပိုင်းမှာ ချို့ယွင်းလျက်ရှိသည်။ ရုရှား၏ တစ်ခု တည်းသော အားထားရမည့်အချက်မှာ စိတ်ဓာတ်ပင်ဖြစ်သည်။ ၎င်းစိတ်ဓာတ် တစ်ခုတည်းဖြင့်ပင် စပိန်ကို ခံကစားရမည်ဖြစ်သည်။ လက်ရှိအနေအထားတွင် စပိန်သည် ရှေ့၊နောက်၊ အလယ်တို့၌ အစစအရာရာသာသည်။ လှုပ်ကစား နိုင်သော ကွင်းလယ်ကစားသမားများ စပိန်မှာ အပြည့်ရှိသည်။ ချန်ပီယံလိဂ်မှာ ခြေစွမ်းထက်ခဲ့သော မိုရီယန်တက်စ်သည်လည်း စပိန်တိုက်စစ်မှာ ပါလာ ခဲ့သည်။

ပွဲအနေအထားအရ စပိန်က ခြေသာပြီး နိုင်ဖို့များသည်။ ရှေ့ပွဲတွင် ပေါ်တူဂီက ဂရိကို သရေကျခဲ့မည်ဆိုလျှင် သက်သောင့်သက်သာနှင့် အနိုင်ရ အောင်ကစားသွားလိမ့်မည်။ အကယ်၍ ပေါ်တူဂီက ဂရိကိုနိုင်လျှင် စပိန်က ရုရှားကို မနိုင်နိုင်အောင် ရေကုန်ရေခန်း ကစားလိမ့်မည်။ မည်သို့ပင်ဖြစ်စေ စပိန်က ရုရှားကို အနိုင်ရအောင် ကစားသွားဖွယ်ရှိကြောင်း တင်ပြလိုက်ရ ပါသည်။

ယူရို-၂၀၀၄ အုပ်စု(က)တွင် စပိန်နှင့် ယှဉ်ပြိုင်ကစားရမည့် ရုရှားအသင်းကို တွေ့ရစဉ်။

အမှတ်(၁၅-အေ) အောက်မင်္ဂလာဒုံလမ်း စဉ့်ကူ အင်းစိန်မြို့နယ်နေ ဒေါ်သန်းသန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် မေ ၁၈ရက်က အလှူတော်ငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

မြန်မာဘရူဝါရီလီမိတက်မှ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာဘရူဝါရီ လီမိတက်၏ လူမှုရေး အသင်းအဖွဲ့များသို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ မြန်မာဘရူဝါရီလီမိတက် ကူးသန်းရောင်းဝယ်ရေး ရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng၊ ဒုတိယ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)နှင့် မြန်မာဘရူဝါရီ လီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီ လီမိတက် အထွေထွေမန်နေဂျာ Mr. David Teng က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာဘရူဝါရီ လီမိတက် အထွေထွေမန်နေဂျာ Mr. David Teng က လှူဒါန်းငွေ ကျပ်သိန်း ၃၀ ကို ကော့မှူးမြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း နာယက ဦးသောင်းကြည်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာဘရူဝါရီ လီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ ကော့မှူးမြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အဝတ်အထည်နှင့် ကျောင်းသုံး ဗလာစာအုပ် ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာဘရူဝါရီ လီမိတက်မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းသို့ သွားရောက်ပြီး မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဆင့်အား အလှူငွေ ကျပ်သိန်း ၃၀ကို လည်းကောင်း၊ မြန်မာဘရူဝါရီ လီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းသို့ အဝတ်အထည်နှင့် ကျောင်းသုံး ဗလာစာအုပ် ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ)သို့ သွားရောက်၍ မြန်မာဘရူဝါရီ လီမိတက် ဒုတိယအထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)က ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ခင်အား အလှူငွေ ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ မြန်မာဘရူဝါရီ လီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ အဝတ်အထည်နှင့် ကျောင်းသုံး ဗလာစာအုပ်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ခဝဲခြံ)သို့ သွားရောက်ပြီး မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းရေးရာ လက်ထောက်မန်နေဂျာ ဦးမောင်မောင်စိုးမိုးက အလှူငွေ ကျပ်သိန်း ၃၀ကို အတွင်းရေးမှူး ဦးသိန်းလွင်အား လည်းကောင်း၊ မြန်မာဘရူဝါရီ လီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ အဝတ်အထည်နှင့် ကျောင်းသုံး ဗလာစာအုပ် ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီးနာဒွန်းအား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

မြန်မာဘရူဝါရီ လီမိတက်မှ လူမှုရေးအသင်းအဖွဲ့ လေးဖွဲ့သို့ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၁၂၀ ဖြစ်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာဘရူဝါရီလီမိတက်၏ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာဘရူဝါရီလီမိတက် ဒုတိယ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)က လှူဒါန်းငွေကျပ် သိန်း ၃၀ ကို အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ခင်အား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ
ဦးမြဘူး(ဟိုတယ်/ခရီး-ငြိမ်း)- ဒေါ်ကျင်ဝေ(မန်နေဂျာ-ဟိုတယ်/ခရီး)တို့၏ သားငယ်
မောင်မိုးသူအောင် B.Sc (Maths) 2nd MATE (F.G)
JSM International Ltd. နှင့်
ရန်ကုန်မြို့၊ F.M.I City နေ
ဦးသန်းညွန့်(ညွှန်ကြားရေးမှူး-အကောက်ခွန်ဦးစီးဌာန)-ဒေါ်ကြင်လှ(အ-လ-ပြ၊ ငြိမ်း)တို့၏သမီးထွေး
မခင်မာလာညွန့် Final Year (Eco;)
တို့သည် ၁၀-၆-၂၀၀၄ နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်မိုးသူအောင်-မခင်မာလာညွန့်။

ဘိန်းဖြူ ၁ ဒသမ ၀၈၃၅ ကီလို မုံးကိုး၌ ဖမ်းမိ

ရန်ကုန် ဇွန် ၁၁

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး) တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မုံးကိုးမြို့၌ ကိုးကန့်ဒေသ ဟုန်ချင်းမြို့နယ် ရှင်းထန်အုပ်စု ချာလုကျေးရွာနေ လီချေလင့်၏သား လီဖာကျိုး(ခေါ်)လီထန်းအား မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် ရပ်တန့်ရှာဖွေ စစ်ဆေးခဲ့ရာ ၎င်းသယ်ဆောင်လာသော ဘိန်းဖြူ ၁ ဒသမ ၀၈၃၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိသည်။

အရေးယူ

အဆိုပါ ဖမ်းဆီးရမိ တရားခံနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ပေးအပ်

